ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (2-5-2012) (၇၁၀၈)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံသားအားလုံးကို အကျိုးဝင်စေမည့် လူမှုဖူလုံရေးဥပဒေအသစ်တစ်ရပ် ပြဋ္ဌာန်းပေးနိုင်ရေး ကြိုးပမ်းလျက်ရှိ

ဥပဒေအသစ်ပြဋ္ဌာန်းပြီးပါက နိုင်ငံသားအားလုံးအတွက် ပိုမိုပြည့်စုံသည့် လူမှုရေးကာကွယ်စောင့်ရှောက်မှုများ ခံစားနိုင်မည်

အလုပ်လုပ်လိုသူတိုင်း၏ အသိပညာ၊ အတတ်ပညာနှင့် ထိုက်တန်သောအလုပ်အကိုင်ရရှိရေးကို ဆောင်ရွက်ပေးရန်လို

နေပြည်တော် မေ ၁

၂၀၁၂ ခုနှစ် အလုပ်သမားနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် တောင်သူလယ်သမားနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်ရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပသည့် အလုပ်သမားနေ့အခမ်းအနားတွင် အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်ရှင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်နိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားလိုပါကြောင်း၊ အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်ရှင်အဖွဲ့အစည်းများသည် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားမြင့်မားရေး အတူတကွလက်တွဲပြီး လုပ်ဆောင်ကြရမည့် မိတ်ဖက်အဖွဲ့အစည်းများပင် ဖြစ်ကြပါကြောင်း။

အလုပ်ရှင်များအနေဖြင့် အလုပ်သမားများ၏ အခွင့်အရေးနှင့် အကျိုးခံစားခွင့်များကို အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ အလုပ်သမားများကလည်း စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနအသီးသီးတွင် ထုတ်လုပ်ဝန်ဆောင်မှုများ အစဉ်တိုးတက်မှုရှိနေအောင် ဆောင်ရွက်ပေးပါမှ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ လူမှုရေးကာကွယ်စောင့်ရှောက်မှု၏ အကျိုးကျေးဇူးများကို ပြည်သူတစ်ရပ်လုံးနှင့် အလုပ်သမား၊ အလုပ်ရှင်များအပါအဝင် နောင်လာနောက်သားများ ခံစားခွင့်ရကြမည်ဖြစ်ပါကြောင်း။

လူမှုရေးကာကွယ်စောင့်ရှောက်မှုဆိုသည်မှာ ယေဘုယျအားဖြင့် လူအများအတွက်-

(၁) ညီညွတ်မျှတသော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်၊

(၂) မရေရာမသေချာသော လူမှုစီးပွားရေးဘဝများ မပေါ်ပေါက်စေရန်နှင့်

(၃) စီးပွားရေးအရ ရပ်တည်ရန် ခက်ခဲသူများ လျော့ပါးသွားစေရန်စသော လိုအပ်သည့် မူဝါဒများချမှတ်ပေးခြင်းတို့ပင် ဖြစ်ပါကြောင်း၊ ဤကဲ့သို့သော စောင့်ရှောက်မှုသည် မိသားစုဝင်ငွေမလုံလောက်ခြင်းကြောင့် စီးပွားရေးအရ ရပ်တည်ရန် ခက်ခဲနေသူများကို အနိမ့်ဆုံးအနေဖြင့် လူမှုစီးပွားရေး ဖူလုံစေခြင်း၊ ကျား/မ အသက်အရွယ်၊ ဘာသာစကား၊ ဘာသာကိုးကွယ်မှုနှင့် လူမျိုးစုစသည့် မတူညီမှုအပေါ် အခြေခံပြီး ခွဲခြားဆက်ဆံခြင်းမျိုး မဖြစ်ပေါ်စေရန် ဖြေရှင်းပေးနိုင်သော အဓိကယန္တရားလည်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် လူမှုရေးကာကွယ်စောင့်ရှောက်မှု မူဝါဒကို အဓိကစိန်ခေါ်နေသည့် အချက်များမှာ အလုပ်လက်မဲ့ဖြစ်ခြင်း၊ ဝင်ငွေနည်းပါးခြင်း၊ အိမ်သုံးပစ္စည်းများ ဈေးကြီးခြင်း စသည့် စီးပွားရေး၊ ငွေရေးကြေးရေး၊ လူမှုရေးပြဿနာတို့အပြင် သဘာဝကပ်ဘေးဆိုင်ရာ၊ ပတ်ဝန်းကျင်ဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ ပြဿနာများလည်း အပါအဝင်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် လူမှုဖူလုံရေးစနစ် ရှိပင်ရှိခဲ့ငြားသော်လည်း ပြီးပြည့်စုံသော လူမှုဖူလုံရေးစနစ်မဟုတ်ဘဲ အကျိုးခံစားခွင့်အချို့နှင့် အလုပ်သမားများကို အကန့်အသတ်ဖြင့် အကျုံးဝင်စေသည့် လူမှုကာကွယ်စောင့်ရှောက်မှုမျိုးကိုသာ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ယခုနိုင်ငံသားအားလုံးကို အကျုံးဝင်စေမည့် လူမှုဖူလုံရေးစနစ်သစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူမှုဖူလုံရေးဥပဒေအသစ်တစ်ရပ် ပြဋ္ဌာန်းပေးနိုင်ရေး ကြိုးပမ်းအားထုတ်လျက်ရှိပါကြောင်း။ **စာမျက်နှာ ၃ ကော်လံ ၁ သို့**☆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း Milling Machine Operator ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) အထွေထွေအကြီးစားစက်မှုလုပ်ငန်းမှ ဦးကျော်ကျော်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ယမန်နှစ်က အမေရိကန်ပြည်ထောင်စု နီဘရာစကာပြည်နယ်တွင် တွေ့မြင်ရသည့် မဟာလပြည့် (Supermoon)။

အ င် တ ာ န က် သ တ င် း

မေ ၅ ရက်ညတွင် ရောမလမင်းကို တွေ့မြင်ရမည်

၂၀၁၂ ခုနှစ်အတွက် မဟာလပြည့်မှာ မေ ၅ ရက်တွင် ကျရောက်တော့မည်ဖြစ်သည်။ ဆူပါမွန်း (Supermoon) ဟု ခေါ်ဝေါ်သည့် မဟာလပြည့်ဟူသည်မှာ လသည် ကမ္ဘာမြေနှင့် အနီးဆုံးသို့ ချဉ်းကပ်လာချိန်တွင် တွေ့မြင်ရမည့် လပြည့်ဝန်းဖြစ်ပြီး ပုံမှန်လပြည့်ညများထက် ၁၆ ရာခိုင်နှုန်း ပိုမိုထွန်းလင်းတောက်ပမည်ဟု ဆိုသည်။

လာမည့်စနေနေ့ မေ ၅ ရက်တွင် လသည်ကမ္ဘာမြေနှင့် အနီးဆုံးအနေအထားသို့ ရောက်ရှိလာမည်ဖြစ်ရာ ယင်းညသန်းခေါင်မတိုင်မီတွင် ထွန်းလင်းနေမည့် လမင်းမှာ ယခုနှစ်အတွက် အကြီးဆုံးလမင်းအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။

ထိုအချိန်တွင် လနှင့်ကမ္ဘာကြား အကွာအဝေးမှာ ၂၂၁၈၀၂ မိုင် (၃၅၆၉၅၅ ကီလိုမီတာ) ရှိနေမည်ဖြစ်ပြီး နက္ခတ်လေ့လာသူများ၏အဆိုအရ အကြီးဆုံး၊ အတောက်ပဆုံးလမင်းကို အံ့သြဘနန်းတွေ့မြင်ရမည်ဟု ဆိုသည်။ သို့ရာတွင် လနှင့် ကမ္ဘာမြေ အနီးဆုံးသို့ ရောက်ရှိခြင်းကြောင့် မြေငလျင်(သို့မဟုတ်) ထူးကဲလွန် ဒီရေစသည်ဖြင့် အန္တရာယ်ရှိလောက်သည့် အခြေအနေမျိုး ရှိမည်မဟုတ်ကြောင်းဖြင့်လည်း သိပ္ပံပညာရှင်များက ပြောကြားသည်။ **အင်တာနက်။**

ကြေးမုံစာတည်းရှုထောင့် ၂-၅-၂၀၁၂[ဗုဒ္ဓဟူးနေ့]။

ရွှေဥမှန်မှန် ဥစေချင်ပါသည်

ကမ္ဘာလှည့်ခရီးသည်များ ကိုင်ဆောင်လေ့ရှိသည့် Lonely Planet စာစောင်တွင် မြန်မာနိုင်ငံသည် လည်ပတ်ရန်အကောင်းဆုံး ၁၀ နိုင်ငံတွင် ပါဝင်သည်ဟု ဆိုသည်။ အမေရိကန်နိုင်ငံ ကော်လိုရာဒိုအခြေစိုက် အာရှပစိဖိတ်ခရီးသွားလုပ်ငန်းကလည်း ၂၀၁၂ ခုနှစ်သည် မြန်မာ့ခရီးသွားလုပ်ငန်း နံပါတ်တစ်နေရာရောက်မည်ဟု ဆိုသည်။

မြန်မာနိုင်ငံသည် စနစ်သစ်ခေတ်သစ် တစ်ခုဆီသို့ ငြိမ်းအေးစွာဖြင့် အသွင်ကူးပြောင်းနေသည့်ကာလ ဖြစ်သည်။ ထင်သာမြင်သာရှိသော ပြုပြင်ပြောင်းလဲမှုများဖြင့် ကမ္ဘာ့ပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်လာမည့်အချိန်လည်း ဖြစ်သည်။ စီးပွားရေးပိတ်ဆို့မှုများဖြေလျှော့ပေး၍ ရုန်းထနိုင်မည့်အချိန်လည်း ဖြစ်သည်။ အထူးသဖြင့် ခရီးသွားလုပ်ငန်းသည် လက်မွန်မဆွ သိသာစွာ ဖွံ့ဖြိုးတိုးတက်မှုရှိသည့်လုပ်ငန်းဟု သုံးသပ်နိုင်သည်။

မြန်မာပြည်သို့ ခရီးသည်လာရောက်မှုသည် ယခင်နှစ်ကထက် ၂၆ ရာခိုင်နှုန်းကျော်တိုးကာ ခရီးသည် ငါးသိန်းခန့် ယမန်နှစ်တွင် လာရောက်ခဲ့ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းက ဆိုသည်။ ထို့ပြင် နိုင်ငံအတွင်း ၄၆ မြို့နယ်တွင် ဟိုတယ် ၇၃၁ လုံး၊ အိပ်ခန်းပေါင်း ၂၅၀၀၀ ကျော်ရှိ၍။ ရန်ကုန်တွင် ဟိုတယ်နှင့် တည်းခိုရိပ်သာ ၁၈၇ လုံး၊ အခန်း ၈၀၀၀ ခန့်ရှိ၏။ လက်ရှိအနေအထားအရ ခရီးသည်လုံလောက်စွာ တည်းခိုနိုင်ကြောင်း ခရီးသွားသုတေသီတို့၏ မှတ်တမ်းများအရ သိရသည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုအသစ်များ၊ ပြည်တွင်းလုပ်ငန်းရှင်များ၏ ဟိုတယ်အသစ်များကလည်း အထိုက်အလျောက် တိုးတက်လာနေပြီဖြစ်၍။ အခန်းမလောက်မှာလည်း မစိုးရိမ်ရ။ အပြိုင်အဆိုင် အလုအယက်ခေါ်စရာလည်း လိုမည်မထင်။ နိုင်ငံအဝှမ်း ဟိုတယ်များ၊ တည်းခိုရိပ်သာများတွင် နိုင်ငံခြားခရီးသွားများဖြင့် ပြည့်လျှံနေသည်ကို မြင်ရသည်မှာ အားတက်ဖွယ်ကောင်းလှသည်။ "ကမ္ဘာလှည့်ခရီးသည်တစ်ဦး တစ်ဒေါ်လာသုံးစွဲတိုင်း ဒေသတွင်း၌ ၁ ဒသမ ၅ ဒေါ်လာ ဆင့်ပွား အကျိုးသက်ရောက်မှုရှိသည်"ဆိုသည့် သတင်းစကားအရ ဝမ်းသာပီတိဖြစ်မိ၏။ ရွှေဥမှန်မှန်ဥပေးသောငန်းကို ပို၍အားအင်ဝဖြိုး အလှတိုးစေရန် ပြုစုရတော့မည်။

ဤတွင် အခြားသတင်းတစ်ခုကြားလိုက်ရသည်။ "စျေးနှုန်းကြီးမြင့်လာသည့်အတွက် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည့်ခရီးစဉ်များ ဖျက်သိမ်း" ဆိုသည့် သတင်းခေါင်းစဉ်တစ်ခု ဖတ်မိ၍ အံ့အားသင့်မိသည်။ လာမည့်ဆောင်းရာသီအတွက် ဧည့်ခရီးစဉ်များ ရောင်းချသည့်အခါ မြန်မာနိုင်ငံမပါဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်အသင်းမှ ထုတ်ဖော်ပြောဆိုလာသည်။

အဖူးအပွင့်စုံစုံဖြင့် ငွားငွားစွင့်စွင့် ကြွားကြွားဝင့်မည့်ကာလတွင် ဟိုတယ်အခန်းခများ စျေးတက်သွား၏။ လေယာဉ်စျေးနှုန်းများ တိုးမြင့်သွား၏။ ရန်ကုန်မှ စားသောက်ဖွယ်ရာများ ဗန်ကောက်၊ ဟန္နိုင်းတို့ထက် စျေးမချိုဟုဆို၏။ မီတာမရှိ၊ အဲကွန်းမပါသည့်အငှားယာဉ်များကလည်း နိုင်ငံခြားသားများအား မတန်တဆတောင်းဖို့ ပြင်၏။ တစ်ချိန်က ခရီးသွားအေးဂျင့်များကို တလေးတစား ဆက်ဆံလာရာမှ အင်တာနက်စျေးကွက်က ပေါ်လာ၏။ စျေးကောင်းပေးသည့် လုပ်ငန်းကုမ္ပဏီကြီးများ၏ စျေးကွက်ကို အလေးထားလာသည်။ ဝန်ဆောင်မှုနှင့် ဝန်ဆောင်ခမမျှတခြင်း၊ နိုင်ငံတကာစံနှုန်းများနှင့် ကွာခြားနေခြင်း၊ စရိတ်စကတိုးတက်နေခြင်းများကို ချင့်ချိန်နှိုင်းဆ၊ အကဲဖြတ်ဖို့လိုမည်။

ခရီးသွားလုပ်ငန်းသည် လူသားကိုအခြေခံသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ခရီးသွားဧည့်သည်များ၏ စိတ်ချမ်းမြေ့မှု၊ အဆင်ပြေချောမွေ့မှုနှင့် ထိုက်သင့်သည်ထက်ပိုသော ဝန်ဆောင်မှုများသည်သာ ခရီးသွားများအား ဆွဲဆောင်နိုင်ပါလိမ့်မည်။ မည်မျှပင် စားချင်စဖွယ် အသွေးအရောင်လှသည့် ပန်းသီးကလေးပင်ဖြစ်ပါစေ တန်ရာတန်ကြေးထက် အဆများစွာ တန်ဖိုးကြီးမြင့်နေလျှင် အလှကြည့်ရုံသက်သက်သာ ရှိပါလိမ့်မည်။ မည်သူ့အတွက်မျှ အသုံးလည်း မကျ၊ အသုံးလည်းမဝင် ဖြစ်နေပါလိမ့်မည်။

ထို့ကြောင့် ကမ္ဘာလှည့်ခရီးသည်များ ကိုင်ဆောင်လေ့ရှိသည့် Lonely Planet စာစောင်တွင် မြန်မာနိုင်ငံသည် လည်ပတ်ရန်အကောင်းဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သို့သော်. . . ဟိုတယ်ခ၊ လေယာဉ်ခ၊ အငှားယာဉ်ခ စျေးအကြီးဆုံးနှင့် ကုန်ကျစရိတ်အများဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်ဟု ကြော်ငြာခံလိုက်ရလျှင်မူ တစ်သက်လုံးမွေးယူလာခဲ့သည့်ငန်းအား လောဘဖြင့် သတ်မိရာရောက်တော့မည့်အဖြစ်ကို သတိပြုကြရမည်ဖြစ်ပါသည်။ ။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E.Mr. BAN Ki-moon နှင့် ဇနီးတို့ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၁

ရန်ကုန်မြို့၌ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr.BAN Ki-moon သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်၌ ဒေါ်အောင်ဆန်းစုကြည်အား တွေ့ဆုံပြီးနောက် သတင်းထောက်များနှင့် တွေ့ဆုံကာ မေးမြန်းချက်များကို ဖြေကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် "Introducing the United Nations Global Compact in Myanmar" အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ညနေ ၃ နာရီခွဲတွင် ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ White Rice Convention Center ၌ သတင်းထောက်များနှင့် တွေ့ဆုံကာ မေးမြန်းချက်များကို ဖြေကြားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်ဇနီးတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေး၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ် (နယူးယောက်) ဦးသန်းဆွေ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေကိုယ်စားလှယ်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr.BAN Ki-moon "Introducing the United Nations Global Compact in Myanmar" အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၇း၀၅	တရားတော်	-ရယ်စရာပျော်စရာဟာသကမ္ဘာ
၈း၁၅	ဇာတ်လမ်းတို	"ကျွန်တော်တို့ရွာက သားဖွားဇာတ်ပွဲ (ဇင်မင်းခန့်၊ ဝင်းနိုင်၊ ဧရာ၊ ဝါဆိုမိုးဦးနှင့် သရုပ်ဆောင်များ)
၄း၂၀	လျှပ်တစ်ပြက်	
၄း၃၅	ရင်ခုန်စီးဆင်းအချစ်သီချင်း	ဒါရိုက်တာ စိန်လင်း(ပုံရိပ်ရွှေမြေ)
၄း၄၅	ရွှေဟောင်းသုတ	-အိုင်စီတီသုတ
၅း၀၀	သာယာသီကြွေးခေတ်ဆန်းတေး	-ယနေ့ညအတွက် မြဝတီ၏
၆း၂၀	Mail Box	တေးလက်ဆောင်
၆း၃၅	ကာတွန်းအစီအစဉ် -စူပါဟမ်းစတား(အပိုင်း-၄၆)	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တမလွန်မှပြောသောစကား" (အပိုင်း-၁၇)**
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထောင်စုနှစ်သမီးပျို (အပိုင်း-၁၃)** -မြဝတီရုပ်မြင်သံကြားသတင်း	**-ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်**

သူ့အမြင် သူ့အတွေး ကျော်အောင်ဝင်း

အပြန်အလှန်ထိန်းကျောင်းခြင်းဖြင့်သာ

ဧပြီ ၂၆ ရက်ထုတ် ကြေးမုံသတင်းစာ စာတည်းရှုထောင့်တွင် "ပို၍ဆိုးသည့် အနုပညာပြကွက်မှာ ပြီးခဲ့သည့်သင်္ကြန်ရေသဘင်ပွဲတော်ကာလတွင် ဟော့တကာ အဟော့ဆုံး ပွတ်သဘင်အကများ ပါဝင်လာခြင်းဖြစ်သည်။ အစ်ကို ကာလသား၊ အအိုအန်ကယ်ကြီးများအား ညို့ယူဖမ်းစားသည့် ပွတ်သဘင်အကများ ယနေ့ စင်မြင့်ထက်တွင် တွေ့မြင်လာကြရာ မြန်မာ့ယဉ်ကျေးမှုအတွက် ရင်လေးစရာ ဖြစ်လာခဲ့သည်။ ပွဲကြည့်ပရိသတ် အစ်ကိုကာလသားများမှာ ပုရိသယောကျ်ားသားများ ဖြစ်ကြ၍ ကြည့်မဆုံး၊ ရှုမဆုံး ဖြစ်ချင်ဖြစ်ကြမည်။ ကြည့်ကောင်းကောင်းဖြင့် ဆက်ကြည့်ကြမည်ဆိုလျှင် နိုင်ငံယဉ်ကျေးမှုအတွက် ရတက်မအေးဖြစ်ချေမည်" စသည်ဖြင့် စင်မြင့်ထက်ကသူ၊ စင်အောက်မှ သူနှင့် စည်းကမ်းချပေးသူတို့တွင် တာဝန်ရှိကြောင်း မီးမောင်းထိုးပြထားသည်။

မိန်းကလေးများသည် သူပိုင်သည့်အလှအပကို ဖော်ပြချင်သည့်စိတ်အခြေခံရှိသည်။ အခြေခံစိတ်ဓာတ်အားနည်းသူများအဖို့ အများထက်သာလွန်ထူးခြားသော အရည်အချင်းမရှိသည့်အခါ ဖော်ချွတ်လာကြသည်။ အလှအပကို ဖော်ပြလိုခြင်းနှင့် ဟီရိဩတ္တပ္ပတရားကင်းမဲ့ခြင်းဟူသည့်စည်းကို မခြားတတ်ဘဲ ဖြစ်ကြရသည်။

စင်မြင့်ထက်မှ အမျိုးသမီးအချို့ ပေါင်ရင်းအထိတိုသောဘောင်းဘီ၊ ရင်စို့အထက်ဗလာ၊ ကျောပြောင်ဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်လျက် ဟီရိဩတ္တပ္ပတရားကင်းမဲ့စွာ လုပ်ချင်သလိုလုပ်ပြနေလျှင် မိန်းကလေးများ၏တန်ဖိုး ကျဆင်းသွားမည်။ စင်အောက်မှ ပုရိသများက သွားရည်ယိုသောအကြည့်ဖြင့်မကြည့်ဘဲ နိုင်ငံကြီးသားပီသစွာဖြင့် ဝေဖန်သုံးသပ်ကြည့်ရှုသင့်သည်။ သက်ဆိုင်သူတို့က ပြန်လည်ထိန်းကွပ်ရမည်။ တာဝန်ရှိသူများကလည်း ထိန်းကျောင်းရမည်။

ဖျော်ဖြေသူ၊ ပရိသတ်နှင့် တာဝန်ရှိသူတို့ အပြန်အလှန်တာဝန်ယူမှုနှင့်ပတ်သက်၍ သာဓကတစ်ခုဖော်ပြရလျှင် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလက ဆူပါဘောင်းလ် စင်တင်တေးဂီတဖျော်ဖြေပွဲတစ်ခုကို CBS ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သည်။ တေးဂီတဖျော်ဖြေရေးအဖွဲ့တွင် ပေါ့ပ်အဆိုတော်များဖြစ်သော ဂျက်စတင်တင်းဘားလိတ်ခ်နှင့် မိုက်ကယ်ဂျက်ဆင်၏ညီမ ဂျဲနက်ဂျက်ဆင်တို့ သီဆိုဖျော်ဖြေရာတွင် ဂျဲနက်ဂျက်ဆင်၏ ရင်သားတစ်ဖက်ပေါ်သွားရာ ကမ္ဘာအနှံ့မှ ပွဲကြည့်ပရိသတ်များက CBS ရုပ်မြင်သံကြားကုမ္ပဏီသို့ ကန့်ကွက်ပြစ်တင်သည့်စာပေါင်း ၅၀၀၀၀၀ ကျော် ပေးပို့ခဲ့သည်။

ဆက်သွယ်ရေးလုပ်ငန်းများ ကြီးကြပ်မှုကော်မရှင်က ဂျဲနက်ဂျက်ဆင်၏ ရင်ဘတ်ညာဘက်ခြမ်းပေါ်သွားခြင်းသည် ပရိသတ်ကို ရိုင်းပျစွာ တင်ဆက်ခြင်းဖြစ်သည်ဟုဆိုကာ CBS ရုပ်မြင်သံကြားကုမ္ပဏီအား ဒေါ်လာ ၅၅၀၀၀၀ ဒဏ်တပ်သလို ဂျဲနက်ဂျက်ဆင်ကိုလည်း ဒဏ်ငွေပေးဆောင်စေခဲ့သည်။

အဆိုတော် ဂျဲနက်ဂျက်ဆင်က "သူ တမင်တကာ ပြုလုပ်ခဲ့ခြင်းမဟုတ်ကြောင်း၊ သီဆိုကပြဖျော်ဖြေရင်း တင်းဘားလိတ်ခ်က သူ၏ အင်္ကျီကြိုးစတစ်စကို ဆွဲလိုက်မိရာမှ မတော်တဆဖြစ်ရခြင်းသာဖြစ်ကြောင်း" တောင်းပန်စကားပြောကြားခဲ့သလို CBS ရုပ်မြင်သံကြားကုမ္ပဏီကလည်း ကမ္ဘာအနှံ့မှ ပရိသတ်များကို ဝန်ချတောင်းပန်ခဲ့သည်။

အထက်ပါသာဓကကို ထောက်ရှု၍ ဖျော်ဖြေသူ၊ ပရိသတ်နှင့် တာဝန်ရှိသူတို့ အပြန်အလှန်ထိန်းကျောင်းခြင်းဖြင့်သာ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်မည် ဖြစ်ပေသည်။ ။

မန္တလေးကုန်စည်ဈေးနှုန်း

၁-၅-၂၀၁၂

ရွှေဈေး

အခေါက်ရွှေ(အဆင့်-၁)	၇၂၀၀၀၀
အခေါက်ရွှေ(အဆင့်-၂)	၇၁၇၀၀၀
ရွှေဒင်္ဂါး(ရွှေရည်မီ)	၆၄၅၀၀၀

ဆန်ဈေး
(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)

ပေါ်ဆန်းမွှေး	၃၀၀၀၀
ရွှေဘိုမနော်	၁၈၅၀၀/၂၀၀၀၀
မဂျမ်းတော	၂၀၀၀၀
စောရှုပ်(ဟောင်း)	၂၅၀၀၀
စောရှုပ်(သစ်)	၂၀၀၀၀
ပေါ်ကွဲ(ဟောင်း)	၂၂၀၀၀
ပေါ်ကွဲ(သစ်)	၁၉၅၀၀
ဇီယာ(ဟောင်း)	၂၁၅၀၀
ဇီယာ(သစ်)	၁၅၅၀၀/၁၆၅၀၀
ဧရာမင်း(သစ်)	၁၈၅၀၀/၁၉၀၀၀
B.G	၁၄၅၀၀/၁၅၀၀၀
ငစိန်(သစ်)	၁၄၅၀၀/၁၅၀၀၀
၇၄၇	၁၂၅၀၀/၁၄၀၀၀
သုခ-မတ္တရာ(သစ်)	၁၅၅၀၀/၁၆၅၀၀
ရွှေသွယ်(သစ်)	၁၄၀၀၀/၁၅၀၀၀
မှော်ဘီ(သစ်)	၁၆၀၀၀/၁၇၅၀၀
ဆန်ကွဲ	၁၀၀၀၀

ဆီဈေး

ပဲဆီ	၃၄၀၀/၄၀၀၀
နှမ်းဆီ	၂၉၀၀/၂၉၅၀
ပန်းနှမ်းဆီ	၂၅၅၀/၂၆၀၀

(၀၀၂)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၅၂) ရွှေတောင်ကြားလမ်းနေ (ဦးမောင်မောင်-၇) - ဒေါ်ခင်မြင့်မြင့် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)ဝင်းအတွင်းရှိ သာသနာ့နွယ်ဝင် သီလရှင်ဆေးရုံပြုပြင်မွမ်းမံရန် အလှူငွေကျပ် ၁၁ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁ - ၅ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၂၄. ၀၀၀	၀. ၀၀၁၂၂
ထိုင်း (ဘတ်)	၃၀. ၇၂၅၀	၀. ၀၃၂၅၅
တရုတ် (ယွမ်)	၆. ၂၉၅၀	၀. ၁၅၈၈၅
အိန္ဒိယ (ရူပီး)	၅၂. ၅၀၅၀	၀. ၀၁၉၀၅
မလေးရှား (ရင်းဂစ်)	၃. ၀၂၈၀၀	၀. ၃၃၀၂၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၆၉	၀. ၈၀၈၇၄
ဂျပန် (ယန်း)	၇၉. ၈၃၇၉	၀. ၀၁၂၅၃
တောင်ကိုရီးယား(ဝမ်)	၁၁၂၉. ၃၀	၀. ၀၀၀၈၉
ယူရို	၀. ၇၅၃၇၁	၁. ၃၂၆၇၇
ဗြိတိသျှ (ပေါင်)	၀. ၆၁၆၀၉	၁. ၆၂၃၁

အင်တာနက်။

☆ **နိုင်ငံသားအားလုံးမှ**

ဥပဒေအသစ်ပြဋ္ဌာန်းပြီးပါက နိုင်ငံသားအားလုံးအတွက် ပိုမိုပြည့်စုံသည့် လူမှုရေးကာကွယ်စောင့်ရှောက်မှုများ ခံစားနိုင်ကြတော့မည်ဖြစ်ပါကြောင်း၊ ဥပမာ အငြိမ်းစားယူပြီးနောက် ဆေးဝါးကုသမှုဆက်လက်ခံယူခွင့်၊ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစားခံစားခွင့်၊ ကျန်ရစ်ခဲ့သူအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့ အကျိုးခံစားခွင့်၊ လူမှုဖူလုံရေးအိမ်ရာနေထိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့်စသည့် ခံစားခွင့်များရရှိစေမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံအများစုသည် ပြည့်စုံကောင်းမွန်သော လူမှုရေးကာကွယ်စောင့်ရှောက်မှုများကို မိမိတို့၏ နိုင်ငံသားများအတွက် ဆောင်ရွက်ပေးနေကြသကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့်လည်း အလားတူ ပြည့်စုံကောင်းမွန်သော လူမှုရေးကာကွယ်စောင့်ရှောက်မှုမျိုး ရရှိနိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ ဖြစ်နိုင်အောင် နိုင်ငံတွင်ရှိသည့် လူသားအရင်းအမြစ်၊ ဘဏ္ဍာရေးအရင်းအမြစ်၊ သဘာဝအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးပြုနိုင်ရေးနှင့် ထင်သာမြင်သာရှိသည့် စီမံခန့်ခွဲမှုစနစ် ပေါ်ပေါက်စေရေးအတွက် သက်ဆိုင်သူအားလုံးတို့က တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများ၏ ဆွေးနွေးညှိနှိုင်းမှုများနှင့် နိုင်ငံတော်အစိုးရ၏ ကြီးကြပ်မှုလုပ်ငန်းစဉ်များ လိုအပ်မည်ဖြစ်ပါကြောင်း။

ယခုအချိန်အခါတွင် မြန်မာနိုင်ငံသည် ပြည်ပရင်းနှီးမြှုပ်နှံမှု အလားအလာကောင်းများရှိနေပြီဖြစ်သည့်အတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်မှု၊ တစ်ဦးချင်းဝင်ငွေတိုးပွားစေမှု၊ လုပ်ငန်းကျွမ်းကျင်မှုဖွံ့ဖြိုးစေရေးနှင့် နည်းပညာသစ်များ လက်ခံရရှိနိုင်မည့် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာတော့မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်သူအားလုံးသည်လည်း အလုပ်သမားရေးရာ ဥပဒေစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကြရန်၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ရှိမှုကို နားလည်ကြရန်နှင့် အလုပ်သမားရေးရာကျင့်စဉ်များ၊ အလုပ်သမားအခွင့်အရေးများ စောင့်ရှောက်ကာကွယ်ပေးခြင်းစသည်တို့ကို တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် အလုပ်သမား၊ အလုပ်ရှင်များအပြင် ပြည်သူလူထုတစ်ရပ်လုံးအတွက်ပါ ရေရှည်အကျိုးကျေးဇူးပိုမိုဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်တွင် ယခုချမှတ်ဆောင်ရွက်နေသည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်သည်လည်း လူမှုရေးကာကွယ်စောင့်ရှောက်မှုကို ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်ပါကြောင်း၊ အလုပ်လုပ်လိုသူတိုင်း မိမိ၏ အသိပညာ၊ အတတ်ပညာနှင့် ထိုက်တန်သော အလုပ်အကိုင်ရရှိရေးကို ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

မြို့ပြတွင်ရှိသော အလုပ်သမားများ အလုပ်အကိုင်ရရှိရေးအပြင် ကျေးလက်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှ ပိုလျှံလာသည့် လုပ်သားစုများအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးကိုပါ ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသ အလုပ်သမားများနှင့် တက္ကသိုလ်ဘွဲ့ရများ အလုပ်ရရှိရေးအတွက် လုပ်ငန်းသစ်များ ဖန်တီးထုတ်ထောင်နိုင်ရေးကို နိုင်ငံတော်မှ အားပေးဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရက အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ၊ စက်မှုနယ်မြေများ၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို တိုးချဲ့တည်ထောင်လုပ်ကိုင်ခွင့်ပေးလျက်ရှိနေခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖြစ်ပေါ်လာစေရေးကို ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်မှလည်း အလုပ်သမားများ၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းများ တိုးတက်လာစေရန်နှင့် ဒေသတွင်းသာမကဘဲ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျွမ်းကျင်လုပ်သားများအဖြစ် လွတ်လပ်စွာ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် လုပ်ငန်းအလိုက် ကျွမ်းကျင်မှုစံနှုန်းများကို သတ်မှတ်ပြဋ္ဌာန်းပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်း၊ ကျွမ်းကျင်မှုကို စမ်းသပ်စစ်ဆေးသည့် စစ်ဆေးရေးဌာနများ ဖွင့်လှစ်ပေးခြင်းနှင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းများကို စတင်ဆောင်ရွက်ပေးနေခြင်းသည် ကျွမ်းကျင်မှုအလိုက် သင့်တော်ကောင်းမွန်သော လုပ်ခလစာနှင့် အခွင့်အရေးများ ရရှိခံစားနိုင်ကြရန်အတွက် ရေရှည်မျှော်မှန်းချက်ဖြင့် ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် စနစ်တကျဆောင်ရွက်ပေးနိုင်အောင် ဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ(မူကြမ်း)ကိုလည်း ရေးဆွဲလျက်ရှိပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ရေရှည်တည်တံ့သည့် စီးပွားရေးလုပ်ငန်းပုံစံများ၊ စီးပွားရေးဈေးကွက်များ ရောက်ရှိလာစေရန် အလုပ်သမားကြီးများအပါအဝင် ပြည်သူတစ်ရပ်လုံး၏ လူမှုရေးကာကွယ်စောင့်ရှောက်မှုများ ပိုမိုရရှိစေရန် လူမှုဘဝ လုံခြုံစိတ်ချရစေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ အလုပ်သမားများနှင့် အလုပ်ရှင်များအားလုံးကလည်း နိုင်ငံတော်နှင့်အတူ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် အလုပ်သမားနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ဖတ်ကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Mr. Juan Somavia ထံမှ ပေးပို့သောသဝဏ်လွှာကို ILO ဆက်သွယ်ရေးအရာရှိ Mr. Steve Marshall က ဖတ်ကြားသည်။

ယင်းနောက် အလုပ်သမားများကိုယ်စား မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအဖွဲ့ချုပ်မှ ဦးစိုးမင်းအောင်က လည်းကောင်း၊ အလုပ်ရှင်များကိုယ်စား အထည်ချုပ် လုပ်ငန်းရှင်များအသင်းမှ အလုပ်ရှင်ကိုယ်စားလှယ် ဦးမြင့်စိုးက လည်းကောင်း အမှာစကားပြောကြားကြသည်။

ထို့နောက် အလုပ်သမားနေ့အထိမ်းအမှတ်ကျင်းပခဲ့သည့် ကျွမ်းကျင်ပြိုင်ပွဲများ၌ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအစီအစဉ်ကိုကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက Milling Machine Operator ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁)အထွေထွေအကြီးစား စက်မှုလုပ်ငန်းမှ ဦးကျော်ကျော်၊ Welder Operator ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂)အထွေထွေအကြီးစားစက်မှုလုပ်ငန်းမှ ဦးမောင်မောင်၊ Foundry Operator ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) အထွေထွေအကြီးစား စက်မှုလုပ်ငန်းမှ ဦးဇော်လွင်ဦးနှင့် အဆောက်အအုံ လက်သမားပြိုင်ပွဲတွင် ပထမဆုရရှိသည့် United Engineering Co., Ltd. မှ ဦးစန်းနိုင်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပိုက်ဆက်ခြင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ထက်မြက်ကားစက်ပြင်လုပ်ငန်းမှ ဦးအောင်ဆန်း၊ တွင်ခုံကိုင်တွယ်မောင်းနှင်ခြင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဦးညဏ်ဆင့်၊ စက်မှုလက်မှုလုပ်ငန်းမှ ဦးကျော်ဆွေဟန်နှင့် လျှပ်စစ်ပစ္စည်းတပ်ဆင်ခြင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် NIBBAN လျှပ်စစ်ပစ္စည်းစက်ရုံမှ ဦးလှမိုးတို့အား လည်းကောင်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က အထည်ချုပ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မေပယ်အထည်ချုပ်စက်ရုံမှ ဦးဝေဖြိုး၊ လျှပ်စစ်ကြိုးသွယ်ခြင်း ပြိုင်ပွဲတွင် ပထမဆုရရှိသည့် KMA Electrical Group မှ ဦးစိုးသူနှင့် မုန့်ဖုတ်လုပ်ငန်းပြိုင်ပွဲ သုံးယောက်တွဲတွင် ပထမဆုရရှိကြသည့် A&T မုန့်ဖုတ်စက်ရုံမှ ဦးသန်းအောင်၊ ဦးဝင်းထွန်း၊ ဦးမျိုးမောင်တို့အား လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက Web Design ပြိုင်ပွဲတွင် ပထမဆုရရှိသည့် Myanmar Links Co., မှ ဦးဥက္ကာ၊ စံပြလုပ်သားဆုရရှိသည့် ဗဟိုပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံးမှ ဦးမြစိုးနှင့် လက်သမားပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးမြလွင်တို့အား လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက စက်ဆင်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးသန်းနိုင်ဦး၊ Lathe Machine Operator ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂) အထွေထွေအကြီးစားစက်မှုလုပ်ငန်းမှ ဦးဝင်းငွေနှင့် Boring Machine Operator ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) အထွေထွေအကြီးစား စက်မှုလုပ်ငန်းမှ ဦးစောဝင်းထွေးတို့အား လည်းကောင်း၊ ILO ဆက်သွယ်ရေးအရာရှိ Mr. Steve Marshall က ဖိနပ်ချုပ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရွှေမြင့်ဖိနပ်စက်ရုံမှ ဦးအောင်မြင့်ဦး၊ ကြိမ်ထိုးပြိုင်ပွဲ(နှစ်ယောက်တွဲ)တွင် ပထမဆုရရှိကြသည့် Glorious Family ကြိမ်ပရိဘောဂစက်ရုံမှ ဒေါ်ခိုင်ပပစိုးနှင့် ဒေါ်ဝင်းသန္တာထွန်း၊ Foundry Pattern Maker ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) အထွေထွေအကြီးစားစက်မှုလုပ်ငန်းမှ ဦးစိန်မြင့်တို့အား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး အလုပ်သမားနေ့ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ခန်းမအတွင်း၌ ပြသထားသော အလုပ်သမားအဖွဲ့အစည်း ဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေးခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း မှတ်တမ်းဓာတ်ပုံများ၊ ပြည်တွင်းပြည်ပ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိရေးနှင့် ကျွမ်းကျင်မှုမြှင့်တင်ရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ အလုပ်သမားရေးရာ အငြင်းပွားမှုကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ အခမ့်စေခိုင်းမှုပပျောက်ရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ အလုပ်သမားများအပေါ် လူမှုကာကွယ်ရေးဆောင်ရွက်ပေးနေမှု မှတ်တမ်းဓာတ်ပုံများ၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု မှတ်တမ်းဓာတ်ပုံများ၊ ကျွမ်းကျင်မှုပြိုင်ပွဲမှတ်တမ်းဓာတ်ပုံများ၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာများနှင့် ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ပေးနေမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

(သတင်းစဉ်)

အမှာ စကား ပြောကြား

ဒုတိယ သမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ၂၀၁၂ ခုနှစ် အလုပ်သမားနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် အလုပ်သမားနေ့ အထိမ်းအမှတ် ကျင်းပခဲ့သည့် ကျွမ်းကျင်ပြိုင်ပွဲများ၌ ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

၂၀၁၂ ခုနှစ် အလုပ်သမားနေ့အခမ်းအနား လွိုင်ကော်မြို့၌ ကျင်းပ

နေပြည်တော် မေ ၁

၂၀၁၂ ခုနှစ် အလုပ်သမားနေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာ သီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ကယားပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားသည်။ ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ အလုပ်သမားနေ့သဝဏ်လွှာကို ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးတော့ရယ်က ဖတ်ကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တန် ဖိုး ရှိ လု လူ ငယ် ဘ ဝ မှူး ယစ် ကင်း စင် ကျန်း မာ မှ

နယ် GSM ဖုန်းကတ်များ လိုင်းမပွင့်သေး WCDMA ဖုန်းများ စတင်ရောင်းချ

မန္တလေး မေ ၁

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ကျပ် ၂၅၀၀၀၀ တန် WCDMA ဖုန်းများအား ဧပြီ ၂၃ ရက်မှစ၍ မန္တလေးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းဒေသကြီးရုံး၊ မြို့နယ်စာတိုက်များတွင် စတင်ရောင်းချပေးလျက်ရှိသည်။ WCDMA ဖုန်းများသည် အသံနှင့် ဓာတ်ပုံပို့နိုင်ရန် စီစဉ်ထားသော်လည်း ဝယ်ယူသူ နည်းပါးလျက်ရှိသည်။ ဧပြီ ၉ ရက်က မန္တလေးမြို့နှင့် ပုသိမ်ကြီးမြို့များအတွက် ရောင်းချခဲ့သော 09-40257 ... စသော ဖုန်းများ လိုင်းပွင့်၍ ဆက်သွယ်ရကြသော်လည်း မတ် ၂၈ ရက်မှစ၍ မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ် ပြင်ပမြို့နယ်များအတွက် ရောင်းချခဲ့သော 09-40251... စသော ဖုန်းများ တာဝါတိုင်များ၊ စက်များတပ်ဆင်မပြီးသေးသဖြင့် ဆက်သွယ်မရသဖြင့် ကြိုတင်ဝယ်ထားသူများ စိတ်ပျက်လျက်ရှိသည်။ မေလ ပထမပတ်၌ မြန်မာတစ်နိုင်ငံလုံးသို့ ဆက်သွယ်နိုင်မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

(၆၅၃)

ဆာကိုဇီနှင့်ကဒါဖီ နျူကလီးယားပူးပေါင်းဆောင်ရွက်ရေး လျှို့ဝှက်သဘောတူခဲ့ကြသည်ဟုဆို

ပါရီ မေ ၁

ပြင်သစ်သမ္မတနီကိုလပ်ဆာကိုဇီနှင့် လစ်ဗျားခေါင်းဆောင်ဟောင်း မွမ်မာကဒါဖီတို့သည် နိုင်ငံခြားသားဆေးဝန်ထမ်းများအား လွှတ်ပေးသည့်အတွက် အပြန်အလှန်အားဖြင့် နျူကလီးယား ပူးပေါင်းဆောင်ရွက်ရေးကို လျှို့ဝှက်သဘောတူညီခဲ့ကြကြောင်း ပြင်သစ်မဂ္ဂဇင်းတစ်စောင်က ဖော်ပြသည်။

အပတ်စဉ်ထုတ် "လိစ်အင်ဒိုချက်တိုင်ဘဲလ်"မဂ္ဂဇင်းက လျှို့ဝှက်စာရွက်စာတမ်းများကို အခြေခံ၍ ဗုဒ္ဓဟူးနေ့ထုတ်တွင် ရေးသားခဲ့ခြင်းဖြစ်သည်။ ပြင်သစ်သမ္မတ မဲပေးရွေးချယ်ပွဲတွင် ဆာကိုဇီနှင့် ပထမအကြိမ်အနိုင်ရထားသူ ဆိုရှယ်လစ်ဖရန်ကို ဟိုလန်ဒဲတို့၏ တနင်္ဂနွေနေ့ ဒုတိယအကြော့ပြိုင်ပွဲမတိုင်မီ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

၂၀၀၇ခုနှစ် သမ္မတရွေးချယ်ပွဲတွင် ကဒါဖီက ၎င်းအား ရွေးကောက်ပွဲ ရန်ပုံငွေထောက်ပံ့ခဲ့သည်ဟု ဖော်ပြခဲ့သော ဝက်ဘ်ဆိုက်တစ်ခုကို တရားစွဲဆိုမည်ဟု ဆာကိုဇီက ပြောကြားပြီးသည့်နောက် ပေါ်ထွက်လာခြင်းလည်းဖြစ်သည်။ လက်ဝဲယိမ်းမီဒီယာများက ၎င်းအားပစ်မှတ်ထား၍ တစ်ဖက်စောင်းနင်း ရေးသားခြင်းဖြစ်သည်ဟု ဆာကိုဇီက စွပ်စွဲထားသည်။

အဆိုပါမဂ္ဂဇင်းပါ သတင်းနှင့်ပတ်သက်၍ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနကသော်လည်းကောင်း၊ သမ္မတရုံးကသော်လည်းကောင်း ဝေဖန်ပြောကြားမှုပြုမည်မဟုတ်ဟု ဆိုသည်။

လစ်ဗျားနိုင်ငံက ဖမ်းဆီးထားသည့် ဆေးဝန်ထမ်းများကို မလွှတ်မီသီတင်းတစ်ပတ်အလို ပေးပို့ခဲ့သော သံတမန်ရေးရာ ကြေးနန်းစာများကို အခြေခံ၍ မဂ္ဂဇင်းက ယင်းသတင်းကို ရေးသားတင်ပြခဲ့ခြင်းဖြစ်သည်။

လစ်ဗျားကလေးများကို အိတ်(စ်) (အေအိုင်ဒီအက်စ်) ဗိုင်းရပ်စ်ကူးစေခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် ဘူလ်ဂေးရီးယားသူနာပြုငါးဦးနှင့် ပါလက်စတိုင်းဆရာဝန်တစ်ဦးကို ထောင်ရှစ်နှစ်စီ အပြစ်ပေးခဲ့သည်။ ပြင်သစ်နိုင်ငံက အဆိုပါကိစ္စတွင် ကြားဝင်ဆောင်ရွက်ပေးခဲ့သည့်အတွက် ထောင်တွင်းမှ ယင်းဆေးဝန်ထမ်းများကို ၂၀၀၇ခုနှစ် ဇူလိုင် ၂၄ရက်တွင် လွှတ်ပေးခဲ့သည်။

ထိုသို့လွှတ်ပေးပြီးနောက်နေ့တွင် ဆာကိုဇီသည် ထရီပိုလီမြို့တော်သို့ သွားရောက်ခဲ့သည်။ လက်နက်အရောင်းအဝယ်စာချုပ်နှင့် နျူကလီးယား ပူးပေါင်းဆောင်ရွက်ရေးစာချုပ်များ လက်မှတ်ရေးထိုးပွဲသို့ ကိုယ်တိုင်တက်ရောက်ခဲ့ပြီး ကဒါဖီကို ပါရီသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်။

ထိုအချိန်က လစ်ဗျားနိုင်ငံဆိုင်ရာ ပြင်သစ်သံတမန်ဖြစ်ခဲ့သူ ဂျင်းလိစ်ဆီဗျူးလက်ခံရခဲ့သော သံတမန်ကြေးနန်းစာများကို မဂ္ဂဇင်းက ကိုးကားဖော်ပြခဲ့ခြင်းဖြစ်သည်။

ဇူလိုင် ၁၆ ရက် ကြေးနန်းစာအရ ၎င်းသည် ပြင်သစ်၊ လစ်ဗျား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်မူကြမ်းကို လစ်ဗျားအမြင့်ဆုံးအာဏာပိုင်များထံသို့ တင်ပြရန်ဖြစ်သည်။

နှစ်ရက်ကြာပြီးနောက် ထရီပိုလီသည် နျူကလီးယား ပူးပေါင်းဆောင်ရွက်ရေးကို စိတ်ဝင်စားကြောင်း ၎င်းက ပါရီသို့ ပြန်လည်အကြောင်းကြားခဲ့သည်။ဗိုလ်မှူးကြီး ကဒါဖီ၏ဆန္ဒ ပြည့်စုံစေမည့်သတင်းကို လစ်ဗျားတို့က စောင့်မျှော်နေကြသည်ဟု မဂ္ဂဇင်းက ဖော်ပြသည်။

ဇူလိုင်၂၃ရက်ညတွင်ပြင်သစ်သံအမတ်ကြီးသည် ကြေးနန်းစာအသစ်တစ်စောင် လက်ခံရရှိရာ ယင်းကြေးနန်းစာတွင် ပါရီက နျူကလီးယား ပူးပေါင်းဆောင်ရွက်ရေးကို လက်ခံကြောင်း၊ သို့သော် သူနာပြုများနှင့် ဆရာဝန်ကို လွှတ်ပေးမှသာလျှင် သဘောတူမည်ဖြစ်ကြောင်း ဖော်ပြထားသည်ဟု မဂ္ဂဇင်းက ရေးသားသည်။

နောက်နေ့တွင် သူနာပြုများနှင့် ဆရာဝန်ကို လစ်ဗျားက လွှတ်ပေးခဲ့သည်။ ***အင်တာနက်။***

ဗိုလ်မှူးကြီး မွမ်မာကဒါဖီ

ပြင်သစ်သမ္မတ နီကိုလပ် ဆာကိုဇီ



အီရတ်တွင်အကြမ်းဖက်မှုများဖြစ်ပွား၍ လူခုနစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၁

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တစ်ဝိုက်တွင် သီးခြားနေရာအသီးသီး၌ အကြမ်းဖက်မှုများထပ်မံပေါ်ပေါက်ကာ လူခုနစ်ဦးထက်မနည်း သေဆုံးရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဘဂ္ဂဒက်မြို့အနီးရှိ ကာမာလီရတ်ဒေသတွင် မိခင်တစ်ဦးနှင့်အတူ အသက် ၁၃ နှစ်အရွယ်ရှိ သားတစ်ဦး၊ အသက်ငါးနှစ်မှ ခုနစ်နှစ်အရွယ်ရှိ သမီးနှစ်ဦးတို့ ဓားဒဏ်ရာများဖြင့် သေဆုံးကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

ထိုနည်းတူ ဘဂ္ဂဒက်မြို့ပေါ်၌ ဗုံးတစ်လုံးပေါက်ကွဲသဖြင့် လူနှစ်ဦးသေဆုံးကာ ငါးဦးဒဏ်ရာရရှိသည်။

ဘဂ္ဂဒက်မြို့တောင်ဘက်ရှိ အမေရိကန်လှည့်ကင်းအခြေစိုက်စခန်းရှိရာ လာတီဖီရတ်မြို့တွင် အကြမ်းဖက်တိုက်ခိုက်ခံရရာ အီရတ်ကြည်းတပ်မှ ဗိုလ်မှူးတစ်ဦးသေဆုံး၍ တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသည်။

ယင်းအကြမ်းဖက်လှုပ်ရှားမှုများသည် ဒီယာလာပြည်နယ် ဘာကျူဘတ်မြို့ရှိ ကော်ဖီဆိုင်တစ်ဆိုင်တွင် ဗုံးနှစ်လုံးတစ်ပြိုင်တည်းပေါက်ကွဲစဉ် လူ ၁၀ ဦးသေဆုံးပြီးနောက် လေးရက်အကြာတွင် ဖြစ်ပွားခြင်းဖြစ်သည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာအား တွေ့ရစဉ်။

ပင်လယ်နီအပန်းဖြေစခန်းမြို့၌ ခရီးသွားလုပ်ငန်းတိုးမြှင့်ဆောင်ရွက်ရန် အစ္စရေး ဒေါ်လာသန်းချီရင်းနှီးမြှုပ်နှံမည်

ဂျေရုဆလင် မေ ၁

အစ္စရေးနိုင်ငံသည် ၂၀၁၂ခုနှစ်တွင် ပင်လယ်နီအပန်းဖြေမြို့ အီလတ်၌ အမေရိကန်ဒေါ်လာ ၁၁ သန်းခန့် ရင်းနှီးမြှုပ်နှံရန် စီစဉ်လျက်ရှိကြောင်း၊ အဆိုပါမြို့၌ ခရီးသွားလုပ်ငန်း ထပ်မံအရှိန်အဟုန်တိုးမြှင့်ရန်အတွက်ဖြစ်ကြောင်း အစ္စရေးခရီးသွားလုပ်ငန်းဌာနက ဧပြီ ၃၀ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုသည် ပင်လယ်နီအပန်းဖြေစခန်း၏ ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ၂၀၁၀ခုနှစ်မှစ၍ ငါးနှစ်တာ စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဆောင်ရွက်ချက်ဖြစ်ပြီး ဈေးကွက်ပြိုင်ပွဲများ ကျင်းပ၍ အခြေခံအဆောက်အအုံနှင့် ခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာန၌ ဖော်ပြထားသည်။ ***ဆင်ဟွာ။***

၂၀၁၄ ခုနှစ်အစောပိုင်း၌ အီရတ်လေတပ် အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်များလက်ခံရရှိမည်

ဘဂ္ဂဒက် မေ ၁

အီရတ်လေတပ်အတွက် အမေရိကန်ပြည်ထောင်စုမှ မှာယူထားသည့် အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ် ၃၆စင်းအနက် ပထမအသုတ် ၂၄စင်းကို ၂၀၁၄ခုနှစ်အစောပိုင်းတွင် လက်ခံရရှိမည်ဟု အီရတ်အထက်တန်းတာဝန်ရှိသူတစ်ဦးက ဧပြီ ၂၉ရက်တွင် ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်အုပ်စိုးစဉ်က အီရတ်လေတပ်သည် ဒေသတွင်း၌ အကြီးမားဆုံးသောလေတပ်ဖြစ်ခဲ့ပြီး ယင်း၏ အဓိကအစိတ်အပိုင်းအဖြစ် ရာနှင့်ချီသော ဆိုဗီယက်ပုံစံတိုက်လေယာဉ်များ ပါဝင်ခဲ့သည်။

၂၀၀၃ခုနှစ်တွင် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များ အီရတ်နိုင်ငံတွင်း ကျူးကျော်ဝင်ရောက်ပြီးနောက် ယင်းနိုင်ငံ၏ စစ်အင်အားမှာ ဖြိုခွဲဖျက်ဆီးခြင်းခံခဲ့ရသည်။

လက်ခံရရှိမည့် ပထမအသုတ် အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ် ၂၄စင်းကို လေယာဉ်အုပ်နှစ်ခုအဖြစ် တည်ထောင်သွားမည်ဟု အီရတ်လွှတ်တော် လုံခြုံရေးနှင့်ကာကွယ်ရေးကော်မတီ ဒုတိယအကြီးအကဲက ပြောကြားခဲ့သည်။

၎င်းက ဆက်လက်ပြောကြားရာတွင် အီရတ်နိုင်ငံသည် အနာဂတ်တွင် စစ်လေယာဉ် အများအပြားအတွက် ဈေးကွက်ဖြစ်လာနိုင်ပြီး အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်သစ်များကို မောင်းနှင်ရန် လေယာဉ်မှူးများအား လေ့ကျင့်သင်တန်းပေးပြီးဖြစ်သည်ဆိုသည်။ ***အင်တာနက်။***

အင်ဒိုနီးရှားတွင် ဘတ်စ်ကားမီးလောင်၊ လူ ၁၃ ဦးသေဆုံး

ပါဒန်(အင်ဒိုနီးရှား) မေ ၁

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းတွင် မေ ၁ ရက် နံနက်စောစောပိုင်းက ဘတ်စ်ကားတစ်စီးမီးလောင်ရာ နို့စို့အရွယ်ကလေးငယ်တစ်ဦးနှင့် ကလေးလေးဦး အပါအဝင် ၁၃ ဦး မီးလောင်သေဆုံးသွားကြောင်း၊ ခရီးသည်အချို့ ကားအတွင်းပိတ်မိနေသဖြင့် ပြတင်းပေါက်များကို ရိုက်ချိုးဖျက်ဆီး၍ ဝင်ရောက်ကယ်တင်လိုက်နိုင်သဖြင့် အသက်ရှင်ကျန်ရစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါကားပေါ်တွင် ခရီးသည် ၄၅ ဦး လိုက်ပါလာကြောင်း၊ မီးထဲပါသွားသူ ၁၃ ဦးမှာ ကားအတွင်း ပိတ်မိကာ ထွက်မရဘဲ သေဆုံးကြကြောင်း အနောက်ဆူမတြားရဲတပ်ဖွဲ့မှ တာဝန်ရှိသူက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ယင်းဘတ်စ်ကားသည် ဧပြီ ၃၀ ရက် ည ၈ နာရီခန့်က ဒူမိန်းမြို့မှထွက်ခွာလာခြင်းဖြစ်ကြောင်း၊ မေ ၁ ရက် နံနက် ၄ နာရီခွဲတွင် လီမာပူလာ့ချ်မြို့သို့ ရောက်ရှိပြီးနောက် မီးလောင်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ***အင်တာနက်။***

အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ ကူးတို့သင်္ဘောတိမ်းမှောက် လူ၁၀၃ ဦးသေဆုံးပြီး ၁၀၀ ကျော် ပျောက်ဆုံးနေ

နယူးဒေလီ မေ ၁

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း အာသံပြည်နယ်၌ ဧပြီ ၃၀ ရက် ညနေပိုင်းတွင် မုန်တိုင်းကျရောက်နေချိန် ဗြဟ္မပုတ္တရမြစ်၌ ရေစီးသန်မှုကြောင့် ခရီးသည် ၃၀၀ လိုက်ပါလာသော ကူးတို့သင်္ဘော တိမ်းမှောက်ခဲ့ရာ ရေနစ်သေဆုံးသူ ၁၀၃ ဦးရှိပြီး ယခုချိန်ထိ ပျောက်ဆုံးနေသူ ၁၀၀ ကျော်ရှိကြောင်း၊ အဆိုပါ သင်္ဘောတိမ်းမှောက်မှုတွင် လူ ၂၀၀ ကျော် အသက်အန္တရာယ် စိုးရိမ်စရာအနေအထားရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အာသံပြည်နယ် အဂူဘရီဒေသပတ်ဝန်းကျင်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးတပ်ဖွဲ့မှ အမျိုးသမီးနှင့် ကလေးများအပါအဝင် သေဆုံးသူ ၁၀၃ ဦး၏ အလောင်းကို ပြန်လည်တွေ့ရှိခဲ့ကြောင်း အိန္ဒိယအမျိုးသားသဘာဝဘေး ကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင် အလော့စ်ဂျာ၏ ပြောကြားချက်ကို ကိုးကား၍ ပီတီအိုင်သတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ကူးတို့သင်္ဘောသည် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၂၀ မိနစ် မုန်တိုင်းထန်ချိန်၌ ရေလုပ်ငန်းမြို့ဖြစ်သော ဒူဘာရီဂတ်မှ မြစ်၏ တောင်ဘက်ကမ်းကိုခုတ်မောင်းနေစဉ် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယကြည်းတပ်၊ ရေတပ်၊ နယ်ခြားလုံခြုံရေးတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့တို့သည် ကယ်ဆယ်ရေးလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ကြသော်လည်း ညအမှောင်ကျရောက်ပြီး ရာသီဥတုဆိုးရွားလာသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ရပ်ဆိုင်းခဲ့ရကြောင်း သတင်း၌ ဖော်ပြထားသည်။

ဆင်ဟွာ။

နစ်မြုပ်သွားသော ကူးတို့သင်္ဘောမှ ခရီးသည်များအား ကယ်ဆယ်မှုများ ပြုလုပ်နေစဉ်။

ကိုလံဘီယာ၌ ရဟတ်ယာဉ်ပျက်ကျ လူ ၁၃ဦးသေဆုံး

ဘိုဂိုတာ မေ ၁

ကိုလံဘီယာလေတပ်မှ ရဟတ်ယာဉ်တစ်စင်းသည် ကာရစ်ဘီယံပင်လယ်ကမ်းခြေအနီး၌ ပျက်ကျခဲ့ရာ လိုက်ပါလာသူ ၁၃ ဦးစလုံး သေဆုံးခဲ့သည်ဟု ကိုလံဘီယာမှ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါရဟတ်ယာဉ်သည် ဆာဘာနာဂရန်ဒီမြို့ ကျေးလက်ဒေသလယ်ကွင်းပြင်၌ ပျက်ကျခဲ့သည်ဟု အတ္တလန္တိကိုပြည်နယ် ပြည်တွင်းကာကွယ်ရေးဌာန ညွှန်ကြားရေးမှူး ဂျော့ဂျ်ဖာနန်ဒက်ဇ်က ပြောကြားသည်။ သေဆုံးသူ ၁၃ ဦးစာရင်းကို တရားဝင် အတည်မပြုသေးကြောင်း၊ အဆိုပါရဟတ်ယာဉ်သည် မြေပြင်သို့ ပျက်ကျပြီး မီးလောင်ခဲ့ကြောင်းနှင့် ရဟတ်ယာဉ်ပေါ်တွင် ရဲနှင့် လေတပ် တပ်ဖွဲ့ဝင်များ လိုက်ပါလာကြောင်း သတင်းတွင် ဖော်ပြထားသည်။ ***အင်တာနက်။***

နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်း (ကျွဲရှင်း-ပန်းတင်လမ်းအပိုင်း)နှင့် ဧရာဝတီတံတား(မလွန်) တည်ဆောက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ စစ်ဆေး

ကြည့်ရှုစစ်ဆေး

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်တို့ ဧရာဝတီတံတား(မလွန်) တည်ဆောက်ရေးစီမံကိန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအဖွဲ့ဝင်များ လိုက်ပါလျက် ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်း (ကျွဲရှင်း-ပန်းတင်လမ်းအပိုင်း)ကို ကြည့်ရှုစစ်ဆေးသည်။

နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်းပိုင်း လမ်းမိုင်အရှည် ၇ မိုင် ၂ ဖာလုံ ရှိသော (ကျွဲရှင်း-ပန်းတင်လမ်းအပိုင်း)သည် ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်(၂၂၁/၁)ပန်းတင်မှ နေပြည်တော်သို့ဝင်ရာ လမ်းမကြီးဖြစ်သည်။ ကျွဲရှင်း-ပန်းတင်လမ်းအပိုင်းသည် မန္တလေးမြို့ဘက်မှလည်းကောင်း၊ မကွေး-တောင်တွင်းကြီး စသည့် မကွေးတိုင်းဒေသကြီးဘက်မှလည်းကောင်း၊ ရခိုင်ပြည်နယ်ဘက်မှလည်းကောင်း နေပြည်တော်သို့ အဓိကဝင်ပေါက်ဖြစ်သည်။ မူလ ၁၂ ပေ အကျယ် တစ်လမ်းသွား ကတ္တရာလမ်းသည် လမ်းအနိမ့်အမြင့်၊ အကွေ့အကောက်များပြားသောကြောင့် ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် ၂၄ ပေ အကျယ် နှစ်လမ်းသွားကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်-တောင်ညို-ချောင်းနက်လမ်း (ကျွဲရှင်း-ပန်းတင်လမ်းအပိုင်း)တစ်လျှောက်၌ လမ်းလုပ်ငန်းဆောင်ရွက်နေမှု၊ ကွန်ကရစ်လမ်းခင်းနေမှု၊ လမ်းဘေးဝဲ/ယာမြေကာနံရံ၊ရေဆင်းမြောင်း၊ ရေထုတ်ပြွန်များ တည်ဆောက်နေမှု၊ လမ်းအကွေ့များပြားသည့် နေရာများတွင် လမ်းဖြောင့်နေစေမှုနှင့် အတက်အဆင်းပြေပြစ်စေရန် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ဧရာဝတီတံတား(မလွန်) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဧရာဝတီတံတား(မလွန်)သည် ပင်မတံတား အရှည် ၃၂၁၅ ပေဖြစ်ပြီး ကားနှင့်ရထားသွားလာနိုင်သော တံတားဖြစ်ကာ တံတားတွင်တပ်ဆင်သည့် သံမဏိသံပေါင်များသည် မြန်မာစီးပွားရေးကော်ပိုရေးရှင်းအောက်ရှိ သံမဏိစက်ရုံမှ ထုတ်လုပ်သောသံပေါင်များဖြင့် တပ်ဆင်တည်ဆောက်လျက်ရှိကြောင်း၊ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းရှိ ပုသိမ်-ပခုက္ကူရထားလမ်းနှင့် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းရှိ ရန်ကုန်-ပြည်-တောင်တွင်းကြီး-ပုဂံ-မြင်းခြံရထားလမ်းများကို ဤဧရာဝတီတံတား (မလွန်)တံတားကြီးမှာ ပေါင်းကူးဆက်သွယ်ပေးသွားမည့် တံတားကြီးဖြစ်ကြောင်းသိရသည်။ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇက်ရေယာဉ်ဖြင့် တံတားရေလယ်တိုင်များ ဆောင်ရွက်ပြီးစီးနေမှု၊ မလွန်ဘက်ကမ်းချဉ်းကပ်တံတားနှင့် လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိချောင်းရဲဘက်ကမ်းတွင် ပင်မတံတားကြီးပေါ်တက်ရောက်၍ တံတားသံပေါင်များ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၄၀	၂။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၀	၄။ "လက်တွေ့ပြချင်လို့"
၈း၃၀	၅။ "အဖိုးတန်အသုံးဝင် မြန်မာ့ဆင်"

ညပိုင်း

၄း၁၅	၁။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၄၀	၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅း၂၅	၃။ "စိတ်အပန်းဖြေစရာ တို့ချောင်းသာ"
၅း၃၅	၄။ "ခေတ်(၆)ခေတ်အကပဒေသာ"
၇း၀၅	၅။ "လက်တွေ့တင်ဆက် ကလေးတို့အိပ်မက်"
၇း၃၅	၆။ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတဖျော်ဖြေတင်ဆက်မှု အစီအစဉ် (အပိုင်း-၆)
၈း၀၀	၇။ ပြည်တွင်းသတင်း - ပျော်ရွှင်ရင်ခုန်ပြကွက်စုံ - **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး"(အပိုင်း-၅၁)** - မြန်မာဗီဒီယိုဇာတ်လမ်း "အချစ်မှာတန်ခိုးရှိတယ်" (ခန့်စည်သူ၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-အောင်သြဘာ)

သဘာဝအလှအပများဖြင့် ထုံမွမ်းနေသည့် ငပလီ



ငပလီ၏ ကြည်နူးဖွယ်ဆည်းဆာအလှကို တွေ့ရစဉ်။

မိုးပြာရောင်ကောင်းကင်နောက်ခံဖြင့် လှနေသည့် ပင်လယ်ပြင်ကြီးသည် ပင်လယ်ကြီးအတွင်းမှ ကြည်လင်နေသည့် ရေပြာပြာများ၊ ထိုရေပြာပြာများကို လေညင်းကလေးတို့က ခပ်ဝေးဝေးမှ တိုက်ခတ်သယ်ဆောင်မှုကြောင့် လှိုင်းအိလေးများအသွင်ဖြစ်ပြီး ကမ်းစပ်ကို လာရိုက်လိုက်၊ နောက်ပြန်၍သွားလိုက်ဖြင့် တဝေါဝေါမြည်နေသည့် ငပလီကမ်းခြေ။

ငပလီသည် ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့နယ်အတွင်း၌ရှိပြီး မြန်မာနိုင်ငံ၏ အပန်းဖြေကမ်းခြေများဖြစ်သည့် မောင်းမကန်၊ ငွေဆောင်၊ ချောင်းသာတို့ထက် သာယာသည်၊ လှပသည်၊ အေးချမ်းသည်။ ထို့ကြောင့် ကမ္ဘာလှည့်ခရီးသည်တို့ နှစ်ခြိုက်ကြသည်။

ကျွန်တော် ငပလီသို့ရောက်ခိုက် ကမ်းခြေတစ်လျှောက် နေဝင်ဆည်းဆာ၏အလှကို ခံစားရင်း လမ်းလျှောက်ထွက်ခဲ့ရာ သဲသောင်ဖွေးဖွေးမှာ ခရုကောက်သူများ၊ ပင်လယ်ရေဖွေးဖွေးမှာ အေးအေးဆေးဆေး ရေချိုးနေသူများ၊ လှိုင်းစီးနေသူများ၊ ကမ်းစပ်ရှိ အုန်းလက်ထီးကလေးအောက်မှာ အနားယူလဲလျောင်းနေကြသူများ စသည်ဖြင့် ကမ္ဘာလှည့်ခရီးသည်များကို တွေ့ရသည်။

ငပလီကမ်းခြေတစ်လျှောက်တွင် Amata Resort, Amazing Ngapali Beach Resort, Aureum Palace, Bayview Beach Resort, Sandoway Resort Hotel စသည့် ဟိုတယ်များဖွင့်ထားပြီး တိုင်းရင်းသားပိုင် ဟိုတယ်များလည်း တိုးချဲ့တည်ဆောက်နေသည်ဟု ဆိုသည်။ ထို့အပြင် ငပလီကမ်းခြေ၏ သဘာဝအလှအပ သက်သက်ကို ခံစားလိုသူများအတွက် ကမ်းခြေရှိမြပြင်၊ လင်းသာ၊ ဂျိတ်တော၊ လုံးသာ စသည့် ကျေးရွာလေးများတွင် ဈေးနှုန်းချိုသာစွာဖြင့် တည်းနိုင်သည်။ မြန်မာထမင်းဆိုင်နှင့် မြန်မာတည်းခိုခန်းလေးများလည်းရှိသည်ဟု သိရသည်။

ထို့ကြောင့် ကမ်းစပ်မှ အုန်းပင်တန်းအလှများ၊ သစ်ပင်ပန်းမန်များနှင့် ကျေးငှက်သာရကာတို့၏ တွန်ကျူးသံများ၊ သဲသောင်ပြင်မှ ခရုကလေးများ၊ လှိုင်းအိကလေးများ စသည်တို့သည် ပကတိအတိုင်း မပျက်မယွင်းရှိနေခြင်းကြောင့် ငပလီသည် ရှင်သန်ဆဲ၊ လတ်ဆတ်ဆဲ၊ သင်းပျံ့ဆဲဟု ကျွန်တော်ဆိုချင်ပါသည်။

သတင်းမှတ်စုနှင့်ဓာတ်ပုံ
ခရမ်းစိုးမြင့်

ငပလီကမ်းခြေရှိ အုန်းလက်ထီးကလေးအောက်တွင် အနားယူလဲလျောင်းနေကြသော ကမ္ဘာလှည့်ခရီးသည်တချို့ကို တွေ့ရစဉ်။

အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်းဖွင့်လှစ်မည်

ရန်ကုန် မေ ၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသမီးများ လူနေမှုဘဝမြင့်တင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူး၍ အခြေခံအမျိုးသမီးဝတ်စုံစက်ချုပ်သင်တန်း၂/၂၀၁၂ ကို မေ ၁၁ ရက်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၅)ရပ်ကွက် အောင်ချမ်းသာလမ်း(သုံးတောင်ကွေ့မှတ်တိုင်အနီး) တိုက်အမှတ် (၁၆၉) အခန်းအမှတ် (၃၀၁)၌ နှစ်လကြာသင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းသူ ၂၀ သာ လက်ခံမည်ဖြစ်ပြီး တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ်နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိပို့ချမည်ဖြစ်သည်။ သင်တန်းလျှောက်လွှာများကို သင်တန်းပို့ချမည့်နေရာ၌ရယူပြီး မေ ၁၀ ရက်နောက်ဆုံးထား၍ ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၇၇၉၂၃၁ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ (သူရအောင်)

နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၁

ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)အမှုဆောင်အဖွဲ့က ကြီးမှူးကျင်းပသည့် (၉၁)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ကြားတောရလမ်းအမှတ် (၂၁/၄၃) စီရှိ ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံ၌ ကျင်းပရာ ပုသိမ်မြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးစိုးဟန်လင်းက အမှာစကားပြောကြားပြီး ပုသိမ်အသင်းဝင်သက်ကြီး ၉၄ ဦးအား သက်ကြီးပူဇော်ကန်တော့ခြင်း၊ ပညာရည်ချွန်ဆုရ ကျောင်းသားကျောင်းသူ ၁၃ ဦးနှင့် စာပေဗိမာန်စာမူဆုရ တစ်ဦးတို့အား ဂုဏ်ပြုဆုချီးမြှင့်ခြင်း **(အောက်ပုံ)**နှင့် အသင်းရန်ပုံငွေအတွက် အမှုဆောင်များ၊ အသင်းဝင်များ၊ အလှူရှင်များက ငွေကျပ် ၄၉၄၈၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

စက်မှုဇုန်များတွင် အလှည့်ကျမီးပေးစနစ်ဖြင့် လျှပ်စစ်မီးရရှိချိန်များ လျော့ကျနေ

ရန်ကုန် မေ ၁

ရန်ကုန်မြို့ရှိ စက်မှုဇုန်အချို့တွင် အလှည့်ကျမီးပေးစနစ်ဖြင့် လျှပ်စစ်မီးရရှိချိန်များ လျော့နည်းကျဆင်းမှုရှိနေကြောင်းသိရသည်။

နေ့စဉ် ပျမ်းမျှ ၅ နာရီနှုန်းဖြင့် စက်မှုဇုန်များအား လျှပ်စစ်မီးပေးဝေလျက်ရှိရာတွင် အချိန်ပြည့် ရရှိခြင်းမရှိဘဲ လျော့နည်းရရှိမှုများကြောင့် ကုန်ထုတ်လုပ်ငန်းများ လည်ပတ်ဆောင်ရွက်ရာတွင် အခက်အခဲများ ဖြစ်ပေါ်နေကြောင်း တောင်ဒဂုံစက်မှုဇုန်ရှိ စက်ရုံအလုပ်ရုံများမှသိရှိရသည်။

ရန်ကုန်မြို့တွင် အလှည့်ကျမီးပေးစနစ်ဖြင့် လျှပ်စစ်မီးဖြန့်ဝေနေရသော်လည်း အများပြည်သူ လူနေရပ်ကွက်များကို ဦးစားပေးကာ အချိန်ပြည့်နီးပါး လျှပ်စစ်မီးဖြန့်ဝေပေးလျက်ရှိသည်။ စက်မှုဇုန်များကိုမူ အချိန်ပိုင်းဖြင့်သာ ပေးဝေလျက်ရှိသည်။ "မွန်းတည့် ၁၂ နာရီကနေ ညနေ ၅ နာရီအထိ မီးပေးတယ်ဆိုပေမယ့် အဲဒီအချိန်အတွင်းမှာ အချိန်ပြည့် မီးမလာပါဘူး။ ပျက်သွားရင်လည်း တစ်နာရီ နှစ်နာရီလောက်လည်း ကြာတတ်ပါတယ်။ တစ်ခါတလေ တစ်နာရီ နှစ်နာရီလောက်ပဲ မီးလာတာလည်းရှိပါတယ်။ အဲဒီလိုနေ့မျိုးဆိုရင် အလုပ်ကို လုပ်လို့မရပါဘူး။ ကုန်ထုတ်လုပ်မှုစရိတ်တွေ မြင့်တက်သွားရင် ကုန်ဈေးနှုန်းတွေလည်း တက်သွားနိုင်ပါတယ်။ အချိန်နဲ့မီးပေးတယ်ဆိုရင်လည်း ပေးတဲ့အတိုင်း တိတိကျကျရမယ်ဆိုရင် အလုပ်ကို ချိန်လုပ်လို့ရပါသေးတယ်။ အခုဟာက အချိန်ပိုင်းလာတာကို မမှန်တာဆိုတော့လည်း ခက်ပါတယ်။ မီးစက်နဲ့လည်ရတာကလည်း ဆီဈေးကလည်း တက်နေတာဆိုတော့ အင်မတန်မှကို ရှုံးပါတယ်။ တစ်နေ့ကို ငါးနာရီ မီးပေးမယ်ဆိုရင် ငါးနာရီတိတိကျကျလေးတော့ ရချင်ပါတယ်" ဟု တောင်ဒဂုံစက်မှုဇုန် (၂)ရှိ စက်ရုံတစ်ရုံမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဧပြီလဆန်းမှစ၍ အလှည့်ကျမီးပေးစနစ်ဖြင့် ဆောင်ရွက်ခဲ့ရာတွင် စက်မှုဇုန်များသည် တစ်ရက်လျှင် ငါးနာရီနှုန်းဖြင့်သာ လျှပ်စစ်မီးရရှိကြပြီး အများပြည်သူ လူနေရပ်ကွက်များတွင်မူ အချိန်မှန်လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း သိရသည်။ အချိန်မှန် လျှပ်စစ်မီး ရရှိနေပြီဖြစ်သော်လည်း မီးအားမပြည့်ခြင်း၊ တစ်ခါတစ်ရံတွင် လျှပ်စစ်မီးပြတ်တောက်ခြင်းများရှိကြောင်း သိရသည်။ (ဝဝ၁)

ဥတုရာသီ တောကိုမှီ၏

စုပေါင်းကာကွယ် မီးအန္တရာယ်

ရဲဗလ-ဦးကိုကိုလှိုင်

မီးသည် မိတ်ဆွေလည်းဖြစ်သလို ရန်သူလည်းဖြစ်၏။ မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၏။ ရှေးခေတ်လူသားတို့သည် အသားကို အစိမ်းစားသောဘဝမှ မီးနှင့်ဖုတ်၍စားခြင်း၊ ချက်ပြုတ်၍ စားခြင်းက ပို၍ အရသာရှိကြောင်း သိလာကြသည်။ ချမ်းအေးသောရာသီဥတုများတွင် မီးကို အဖော်ပြု၍ အန်တုနိုင်မှန်း သိလာခဲ့ကြသည်မှစ၍ လူသားနှင့်မီးသည် ရင်းနှီးခဲ့ကြသည်။

အင်ဂျင်များပြုလုပ်ရာနှင့် စက်ပစ္စည်းများ တီထွင်ရာတွင်လည်း မီးသည် လူသားတို့ကို ထိရောက်စွာ အကျိုးပြုခဲ့သည်။ လူသားတို့သည် မီးကို အမျိုးမျိုး အသုံးချခဲ့သည်မှာ ကျောက်ခေတ်၊ ကြေးခေတ်မှသည် ယနေ့ IT ခေတ်သို့တိုင် ခဲ့ပြီဖြစ်သည်။ ဤသို့ဖြင့် မီးသည် လူသားတို့၏ အဖော်မွန် မိတ်ဆွေကောင်း ဖြစ်လာခဲ့သည်။ သို့သော် လူသားတို့၏ သတိကင်းမဲ့၍ မီးကို ပေါ့ဆစွာ အသုံးချမိသောအခါတို့၌ မီးသည် လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ရက်စက်စွာ ဝါးမျိုစားသောက်တတ်သောကြောင့် မီးသည် လူသားတို့၏ ရန်သူဖြစ်တော့၏။

မြန်မာနိုင်ငံတွင် ခရစ်နှစ် ၁၀၄၄ ခုနှစ် (မြန်မာသက္ကရာဇ် ၄၁၆ ခုနှစ်)တွင် နန်းတက်သော ပုဂံပြည် အနော်ရထာမင်းလက်ထက်တွင် နိုင်ငံတော် မီးကာကွယ်ရေးအတွက် "သောသောည်၊ ပုဂံမီးဆော်မောင်း" ဟူသည်နှင့်အညီ မီးသတ်တပ်သား ၆၆၃ ဦးအား ခန့်ထားပြီး မီးဘေးကာကွယ်ရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရပါသည်။

ယနေ့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏အင်အားကို ဖော်ပြရသော် တစ်နိုင်ငံလုံးတွင် သန္ဓေမီးသတ်စခန်းပေါင်း ၃၄၉ စခန်းနှင့် အရန်မီးသတ်စခန်းပေါင်း ၂၇၆ စခန်း အပါအဝင် မီးသတ်စခန်းပေါင်း ၆၂၅ ရှိပါသည်။ လက်ရှိ မီးသတ် စက်/ယာဉ် စာရင်းမှာ မီးသတ်ယာဉ်အစီး ၈၀၀၊ ရေသယ်ယာဉ် ၃၄၉ စီး၊ အထောက်အကူပြုယာဉ် ၂၁၂ စီးနှင့် အပေါ့စားမီးသတ်စက် ၅၄၂ လုံး စုစုပေါင်း ၁၉၀၃ စီးဖြင့် ဖြန့်ခွဲနေရာချဆောင်ရွက်လျက်ရှိပါသည်။ မီးသတ်တပ်ဖွဲ့တွင် ဝန်ထမ်းအင်အား၊ သန္ဓေမီးသတ်တပ်ဖွဲ့အင်အား ၄၇၇၈ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၂၅၄၈၅၇ ဦး ရှိပါသည်။ မီးသတ်တပ်ဖွဲ့အကြောင်း ဖော်ပြလျှင် မီးသတ်တပ်ဖွဲ့ဝင်များ၏ စိတ်ဓာတ်ကို ဦးစွာ ဖော်ပြလိုပါသည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် သာမန်လူများထက် မီးအပူရှိန်ကို ပိုမိုခံနိုင်မှုရှိပါသလားဟု မေးပါက သာမန်လူကဲ့သို့ပင် ပူပါသည်ဟု ဖြေဆိုရပေမည်။ မီးလောင်မှုကြီးဖြစ်ပွားပါက မီးဘေးဒုက္ခတွေ့သူများသည် မိမိတို့ အဖိုးတန်ပစ္စည်းများကိုပင် စွန့်လွှတ်၍ မီးလောင်ပြင်နှင့်ဝေးရာသို့ ကိုယ်လွတ်ရုန်းပြေးနေကြသော်လည်း မီးသတ်တပ်ဖွဲ့ဝင်များသည် မီးလောင်နေသည့် မီးတောက်မီးလျှံများထဲသို့ မည်သည့်အတွက်ကြောင့် အလျင်အမြန် ပြေးဝင်သွားကြပါသလဲ။ သာမန်တာဝန်သိရုံ တာဝန်ရှိရုံနှင့် ပြေးဝင်မည်မဟုတ်ပါ။ မီးတောက်မီးလျှံများကြားသို့ ပြေးဝင်နေစဉ် အကြောင်းအမျိုးမျိုးကြောင့် ခြေလက်အင်္ဂါသာမက အသက်ကိုပါ ထိခိုက်ဆုံးရှုံးနိုင်ကြောင်း သိလျက်နှင့် တမင်ပြေးဝင်ဆောင်ရွက်ခြင်းသည် တပ်ဖွဲ့ဝင်များ၏ စေတနာ၊ ဝါသနာ၊ အနစ်နာများဖြင့် စွန့်လွှတ်စွန့်စားဆောင်ရွက်ခြင်းဖြစ်ပါသည်။

မီးအန္တရာယ်ကင်းဝေးလိုလျှင် မီးကို နေ့စဉ်အသုံးပြုနေကြသည့် မိဘပြည်သူတို့ ကိုယ်တိုင်လည်း ပါဝင်ဆောင်ရွက်မှသာ ပိုမိုထိရောက်မှုရှိမည်ဖြစ်သည်။ မည်သို့ ပါဝင်ဆောင်ရွက်မည်နည်း။ မီးကို ရိုသေစွာအသုံးပြုပါ။ ဘုရားမီးပူဇော်ခြင်းမှအစ ချက်ပြုတ်သည်အဆုံး မီးကိုဂရုစိုက်သုံးပါ။ မိမိချက်ပြုတ်သောကိစ္စပြီးပါက မီးကို သေချာစွာငြိမ်းသတ်ပါ။ (ဤအကြံပေးချက်များသည် ကြားနေကျဖြစ်သော်လည်း လိုက်နာမှုအားနည်းကြပါသည်။ မီးသုံးစွဲသူများ၏ ပေါ့ဆမှုကြောင့် လောင်ကျွမ်းသော ပေါ့ဆမီးလောင်ကြိမ်ပေါင်း ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ မြန်မာနိုင်ငံမီးသတ်ဌာနမှ ထုတ်ပြန်သော စာရင်းများအရ ၁၃၆၂၁ ကြိမ်ရှိပါသည်။)

အလျဉ်းသင့်၍ ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ မီးလောင်ဆုံးရှုံးမှုများကို ဖော်ပြရသော် မီးလောင်ကြိမ်ပေါင်း ၂၅၅၇၃ ကြိမ် (ဆုံးရှုံးမှုတန်ဖိုး ၅၇၃၂၅၂၅၈၁၈၀ ကျပ်) ရှိပါသည်။ ထို့ကြောင့် မီးဘေးကြိုတင်ကာကွယ်ရေးကို မိဘပြည်သူများအနေဖြင့် အထူးပင်ဂရုပြုသင့်ပေသည်။

အိမ်တိုင်းအိမ်တိုင်းတွင် အဆင့်မီသည့် (Portable Fire Extinguisher) များ ဆောင်ထားသင့်သည်။ မီးလောင်မှုဖြစ်ပွားပါက ၎င်းမီးသတ်ဆေးဘူးကို အသုံးပြု၍ အထိုက်အလျောက်ကာကွယ်နိုင်ပါသည်။ မိမိတို့၏ သိန်းပေါင်းများစွာသော အဆောက်အအုံများကို မီးအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် မီးသတ်ဆေးဘူးများကို ဝယ်ယူဆောင်ထားရန် ဝန်မလေးသင့်ပါ။ မီးလောင်လျှင် ရေနှင့် ပက်ငြိမ်းလိုက်မည်ဟူသောအတွေးကို ပုံသေ လက်ကိုင်မထားသင့်ပါ။ ရေနှင့် ပက်ငြိမ်းနိုင်သော မီးများရှိသကဲ့သို့ ရေနှင့် မငြိမ်းနိုင်သော မီးများလည်းရှိပါသည်။ မီးကို ၎င်း၏ လောင်စာပေါ်အခြေခံ၍ အမျိုးအစားခွဲခြားလျှင် ခြောက်မျိုးရှိပါသည်။ ၎င်းတို့မှာ-

(၁) Class A
(၂) Class B
(၃) Class C
(၄) Class D
(၅) Class E
(၆) Class K တို့ ဖြစ်ပါသည်။

Class A အမျိုးအစားဆိုသည်မှာအော်ဂဲနစ်သဘာဝရှိ ကာဗွန်ဒြပ်ပေါင်းများဖြစ်သည့် လောင်စာအစိုင်အခဲများ၊ ဥပမာ-သစ်သား၊ ဝါး၊ ချည်ထည်၊ စက္ကူ စသည်တို့ လောင်ကျွမ်းခြင်းမျိုးဖြစ်သည်။ ယင်းတို့လောင်ကျွမ်းပြီးပါက မီးသွေး(Charcoal) ကျန်ရစ်ခဲ့သည်။ အကောင်းဆုံးနှင့် အထိရောက်ဆုံး မီးငြိမ်းသတ်ရေးပစ္စည်း အမျိုးအစားမှာ ရေဖြစ်သည်။ ရေလုံး(Jet)နှင့် ရေဖျန်း(Spray)အသွင်တို့ဖြင့် ငြိမ်းသတ်နိုင်ပါသည်။

Class B အမျိုးအစားဆိုသည်မှာ လောင်စာအရည်များ သို့မဟုတ် အရည်ပျော်နိုင်သော လောင်စာအစိုင်အခဲများ လောင်ကျွမ်းခြင်းမျိုးဖြစ်သည်။ ဥပမာ-ဟိုက်ဒရိုကာဗွန်ဒြပ်ပေါင်းများဖြစ်သည့် ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ အရက်ပြန်၊ အရက်နှင့် စားသုံးဆီများ လောင်ကျွမ်းခြင်းမျိုးကို ဆိုလိုသည်။ အထိရောက်ဆုံးနှင့် အကောင်းဆုံး မီးငြိမ်းသတ်ရေးပစ္စည်းကို ရွေးချယ်နိုင်ရန် ယင်းလောင်ကျွမ်းနိုင်သော ပစ္စည်းများကို အုပ်စုနှစ်စုခွဲ၍ လေ့လာရန်လိုသည်-

(၁) ရေတွင် ရောစပ်နိုင်သော လောင်စာအရည်များ၊
(၂) ရေတွင် မရောစပ်နိုင်သော လောင်စာအရည်များဟူ၍ ဖြစ်သည်။

ယင်းတို့အပေါ် မူတည်၍ ရေဖျန်း(Water Spray)၊ အမြှုပ်ဆေးရည်(Foam Light Water)၊ အငွေ့ပျံလွယ်သော မီးသတ်ဆေးရည် (Vapourising Liquids)၊ ကာဗွန်ဒိုင်အောက်ဆိုက် (CO_2)နှင့် ဓာတုဗေဒပေါင်ဒါမှုန့်ခြောက်များကို ရွေးချယ်အသုံးပြုနိုင်သည်။

Class C အမျိုးအစားဆိုသည်မှာ ဓာတ်ငွေ့များ အရည်အဖြစ်ပြုလုပ်ထားသော ဓာတ်ငွေ့များလောင်ကျွမ်းခြင်းဖြစ်သည်။ ယင်းတို့ ဖိတ်စဉ်ပျံ့နှံ့ရာမှ လည်းကောင်း၊ ယိုစိမ့်ရာမှ လည်းကောင်း မီးလောင်မှုဖြစ်နိုင်ပါသည်။ ဥပမာ-မီသိန်း၊ ပရိုပိန်း၊ ဗျူတိန်း စသည်တို့ဖြစ်သည်။ ၎င်းမီးလောင်မှုမျိုးကို အမြှုပ်ဆေးရည်၊ ဓာတုဗေဒပေါင်ဒါမှုန့်ခြောက်(Dry Chemical Powder) တို့ကို အသုံးပြုလျှင် မီးကို ထိန်းသိမ်းငြိမ်းသတ်နိုင်ပါသည်။ ယင်းဓာတ်ငွေ့နှင့်ဓာတ်ငွေ့ရည်များ သိုလှောင်ထားသော စည်များကို ရေဖျန်းအသွင်ဖြင့် ပက်ဖျန်းပေးခြင်းဖြင့် စည်များကို အေးစေနိုင်ပါသည်။

Class D အမျိုးအစားသည် သတ္တုမီးလောင်မှု အမျိုးအစားဖြစ်သည်။ ရေဖြင့်လုံးဝမငြိမ်းသတ်ရပါ။ ငြိမ်းသတ်ပါက အန္တရာယ်ပင်ရှိပါသည်။ သတ္တုမီးလောင်မှုအများစုတွင် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ဘိုင်ကာဗွန်နိတ် ဓာတုဗေဒ ပေါင်ဒါမှုန့်များကိုလည်း အသုံးမပြုသင့်ပါ။ ဘေးဥပဒ်ဖြစ်နိုင်သည်။ ဤသတ္တုမီးလောင်မှုများတွင် အသုံးပြုရန် သင့်တော်သည့် မီးငြိမ်းသတ်ရေးပစ္စည်းများမှာ ဂရက်ဖိုက်အမှုန့် (Powdered Graphite)၊ ကန့်ကူကျောက်မှုန့် (Powdered Talc)၊ ဆိုဒါပြာ (Soda-ash)၊ ထုံးကျောက်မှုန့်(Limestone)နှင့် သဲခြောက်(Drysand)စသည်တို့ဖြစ်သည်။အထူးသဖြင့် ရေဒီယိုသတ္တိကြွသတ္တုများအတွက် အပူနှင့်ထိတွေ့ပါက ပျော်ဝင်သွားသည့် ပေါင်ဒါများကို တိုးတက်တီထွင်နေကြပြီဖြစ်သည်။

Class E အမျိုးအစားဆိုသည်မှာ လျှပ်စစ်ကြောင့်ဖြစ်ပွားသော မီးလောင်မှု အမျိုးအစားများဖြစ်သည်။ ဟောင်းနွမ်းဆွေးမြည့်နေသော ဝါယာကြိုးများ၊ ပျက်စီးနေသော မီးခလုတ်များ၊ မီးခေါင်းများ၊ လျှပ်ကာပစ္စည်းများ(Insulation) ပျက်စီးခြင်းများကို သုံးစွဲခြင်းမပြုရန်၊ လျှပ်စစ်ဓာတ်အားကို သတ်မှတ်ချက်ထက် ပိုမိုလွန်ကဲစွာ အသုံးမပြုရန် လိုအပ်ပါသည်။ လျှပ်စစ်မှ စတင်မီးလောင်ပါက ပင်မခလုတ်(Main Switch)ကို ပိတ်ပြီး ခြောက်သွေ့သောအဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်ဖုံးအုပ် ငြိမ်းသတ်ရပါမည်။ ဓာတုဗေဒပေါင်ဒါမှုန့်ခြောက်(Dry Chemical Powder)တို့ကို အသုံးပြုလျှင် မီးကို ထိန်းသိမ်းငြိမ်းသတ်နိုင်ပါသည်။

Class K အမျိုးအစား- ဤအမျိုးအစားသည် ၁၉၉၈ ခုနှစ်၌ ခွဲခြားလိုက်သော အမျိုးအစားအသစ်ဖြစ်သည်။ ဤလောင်စာအမျိုးအစားမှာ ဟင်းသီးဟင်းရွက်ဆီနှင့် တိရစ္ဆာန်ဆီတို့ဖြစ်၏။ Class B အမျိုးအစားနှင့် ဆင်သလိုရှိသော်လည်း ဤ Class K အမျိုးအစားသည် ပို၍ အပူရှိန်မြင့်မား၏။ Class K အမျိုးအစားမီးကို ငြိမ်းသတ်ရန် Class B အမျိုးအစားပါ မီးသတ်ပစ္စည်းတို့ဖြင့် ငြိမ်းသတ်နိုင်သော်လည်း ထိရောက်မှုနည်းပါး၏။ Class K အမျိုးအစားမီးကို ငြိမ်းသတ်နိုင်သည့် မီးသတ်ပစ္စည်းမှာ Wet Chemical ဖြစ်ပါသည်။ Wet Chemical အမျိုးအစား မီးသတ်ကိရိယာများသည် များသောအားဖြင့် အသေတပ်(Fixed Installation System) ဖြစ်သော်လည်း Portable Extinguisher များကိုလည်း ဝယ်ယူနိုင်ကြောင်း သိရသည်။

ထို့အပြင် မီးငြိမ်းသတ်နည်းကိုလည်း သိထားသင့်ပါသည်။ မီးလောင်ခြင်းသည် (Fuel)လောင်စာ၊ (Heat) အပူနှင့် (Oxygen) အောက်ဆီဂျင်(လေ)သုံးခုပေါင်းဆုံ၍ ဖြစ်ပွားခြင်းဖြစ်ပါသည်။ ထို့ကြောင့် လောင်ကျွမ်းမှုဖြစ်ပေါ်ရန်လိုအပ်သည့် လောင်စာ၊ အပူနှင့် အောက်ဆီဂျင်တို့ သုံးခုထဲမှ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ကန့်သတ်ပေးခြင်းသည် မီးငြိမ်းသတ်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မီးငြိမ်းသတ်ခြင်း နည်းလမ်းများကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်နိုင်ပါသည်-

(က) လောင်စာများကို ကန့်သတ်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖယ်ရှားခြင်း (Starvation)
(ခ) လေ(သို့မဟုတ်)အောက်ဆီဂျင်ကို ကန့်သတ်ခြင်း၊ ဖယ်ရှားခြင်း (Smothering)
(ဂ) အပူချိန်ကို ကန့်သတ်ခြင်း၊ လျှော့ချခြင်း၊ အအေးပေးခြင်း (Cooling) တို့ဖြစ်ပါသည်။

လောင်စာများကို ကန့်သတ်ခြင်း၊ ရွှေ့ပြောင်းဖယ်ရှားခြင်း (Starvation) ဆိုသည်မှာ

ငြိမ်းသတ်ရာတွင် အောက်ပါနည်းစဉ်များပါဝင်သည်-

(၁) မီးလောင်နေသည့် ပတ်ဝန်းကျင်အနီးရှိ လောင်စာပစ္စည်းများကို ဖယ်ထုတ်ခြင်း၊ ဥပမာ- လောင်ကျွမ်းနေသည့် ဆီတိုင်ကီမှ ဆီများကို ဖောက်ထုတ်ပေးခြင်း၊ သစ်တောများတွင် မီးတားလမ်းများ ဖောက်လုပ်ခြင်း၊ ကျင်းမြောင်းများ တူးထားခြင်း။
(၂) လောင်ကျွမ်းနေသည့် ပစ္စည်းများကို အနီးရှိ လောင်ကျွမ်းနိုင်သော ပစ္စည်းမှဝေးကွာအောင် ဖယ်ထုတ်ခြင်း၊ ဥပမာ-မီးလောင်နေသည့် မြက်ခြောက်ထုံးများကို ဆွဲထုတ်ဖယ်ရှားခြင်း။
(၃) လောင်ကျွမ်းနေသည့် အရာများကို သေးငယ်သောပမာဏအရွယ်ရောက်အောင် ထပ်ခွဲခြင်း။
ငြိမ်းသတ်ရန်လွယ်ကူသည့်အပြင် အချို့ကို သူ့အလိုအလျောက် လောင်ကျွမ်းပြီးဆုံးစေနိုင်သည်။

လေ သို့မဟုတ် အောက်ဆီဂျင်ကို ကန့်သတ်ခြင်း၊ ဖယ်ရှားခြင်း (Smothering)

လောင်ကျွမ်းနေသည့်ပစ္စည်းများ၏ ဝန်းကျင်ရှိ လေထု(အောက်ဆီဂျင်)ကို လုံလောက်စွာလျှော့ချခြင်းကြောင့် လောင်ကျွမ်းမှုသည် အလိုအလျောက် ရပ်ဆိုင်းသွားသည်။ လုပ်ဆောင်ရန် နည်းလမ်းနှစ်မျိုးရှိသည်-

(၁) အမြှုပ်ဆေးရည်(Foam)ကို သုံးစွဲခြင်းဖြင့် စေးပျစ်သော အမြှုပ်များက လောင်ကျွမ်းနေသော ပစ္စည်းများအပေါ် ဖုံးအုပ်ထားခြင်း၊ ဤနည်းအားဖြင့် လေထုထဲမှ အောက်ဆီဂျင်ထောက်ပံ့နေမှုကို ကန့်သတ်ဖြတ်တောက်ပေးသည်။ မီးလောင်နိုင်သည့် အငွေ့များ ဖွဲ့စည်းဖြစ်ပေါ်မှုကိုလည်း ကာကွယ်ပေးသည့် အကျိုးသက်ရောက်မှုကိုလည်း ရရှိသည်။
(၂) ဖိအားဖြင့် သွတ်သွင်းထားသည့် အလွန်နူးညံ့သော ပေါင်ဒါမှုန့်ခြောက် (အထူးသဖြင့် ဆိုဒီယမ်ဘိုင်ကာဗွန်နိတ်)ကို သုံးစွဲခြင်း။

အပူချိန်ကို ကန့်သတ်ခြင်း၊ လျှော့ချခြင်း၊ အအေးပေးခြင်း(Cooling)

အရည်များကို လောင်ကျွမ်းနေသော ပစ္စည်းများအပေါ်သို့ ပက်ဖျန်းငြိမ်းသတ်ခြင်းဖြစ်သည်။ မီးငြိမ်းသတ်ခြင်းနည်းများတွင် အခြေခံကြပြီး အသုံးများသော နည်းလမ်းဖြစ်သည်။ ရေ သို့မဟုတ် အရည်များသည် မီးလောင်ကျွမ်းရာမှ ထွက်ပေါ်လာသည့်အပူကို စုပ်ယူခြင်းဖြင့် အောက်ဖော်ပြပါပြောင်းလဲမှုများ တစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပို၍ ဖြစ်ပေါ်နိုင်သည်-

(၁) ယင်းတို့၏ အပူချိန်မြင့်တက်လာသည်။
(၂) အရည်အခြေအနေမှ အငွေ့အခြေအနေသို့ ပြောင်းလဲသွားသည်။
(၃) အငွေ့အခြေအနေမှ ပြိုကွဲ(Decomposed)ကြသည်။
(၄) လောင်ကျွမ်းနေသည့် ပစ္စည်းများနှင့် ဓာတုဗေဒသဘောအရ ဓာတ်ပြုကြသည်။

ထို့အပြင် ဓာတ်ကွင်းဆက် ဓာတ်ပြုမှုကို ကြားဖြတ်ဝင်ရောက်နှောင့်ယှက်ခြင်း (Interrupt the Chemical Chain Reaction)နည်းစနစ်ဖြင့်လည်း ငြိမ်းသတ်နိုင်ပါသည်။

၎င်းနည်းစနစ်မှာ ဟေလိုဂျင်အုပ်စုသွင်းထားသည့် ဟိုက်ဒရိုကာဗွန် အခြေခံသည့် အငွေ့ပျံလွယ်သော အရည်များအပါအဝင် မီးငြိမ်းသတ်နိုင်သည့် ပစ္စည်းများကို မကြာခင်နှစ်များအတွင်းက စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ပထမဦးဆုံးနှင့် အရိုးရှင်းဆုံးပစ္စည်းမှာ ကာဗွန်တက်ထရာကလိုရိုဒ်(CTC)ဖြစ်သည်။ သို့ရာတွင် ယင်း၏ အဆိပ်အတောက်ဖြစ်မှုကြောင့် ဆက်လက်မသုံးစွဲတော့ဘဲ အဆိပ်အတောက်ဖြစ်မှု အလွန်နည်းပါးသည့် အခြားပစ္စည်းများကို တွေ့ရှိခဲ့ကြသည်။ လူသိအများဆုံးမှာ ဘရိုမိုကလိုရိုဒိုင်ဖလိုမီသိန်း(BCF)ဖြစ်သည်။ မီးတောက်ဆက်လက်ဖြစ်ပေါ်နေသော ကွင်းဆက်ဓာတ်ပြုမှုကို ဓာတုဗေဒနည်းဖြင့် နှောင့်ယှက်ဖျက်ဆီးပစ်သည်။ ဓာတ်ငွေ့များ အမြန်ပြိုကွဲလေ မီးတောက်အတွင်းရှိ မော်လီကျူးများနှင့် ဓာတ်ပြုမှုမြန်လေဖြစ်ကာ အချိန်တိုအတွင်း မီးငြိမ်းသွားသည်။

အခြားမီးငြိမ်းသတ်ရေးနည်းလမ်းတစ်ခုလည်းရှိသေးသည်။ လောင်စာများမှ မီးတောက်ကို အရှိန်ဖြင့်မှုတ်၍ ခွဲထုတ်ခြင်းမျိုးဖြစ်သည်။ ထင်ရှားသော သာဓကမှာ ဖယောင်းတိုင်မှမီးကို လေဖြင့်မှုတ်၍ မီးငြိမ်းသတ်ခြင်းဖြစ်သည်။ ဤသဘောမျိုးဖြင့် လက်တွေ့နယ်ပယ်တွင် ရေနံတွင်းများ မီးစွဲလောင်မှုကို ဒိုင်းနမိုက်များဖြင့် ဖောက်ခွဲငြိမ်းသတ်ကြသည်။

ဤမျှလောက်ဆိုလျှင် စာဖတ်သူသည် မီးအန္တရာယ်အကြောင်း အတန်အသင့် သဘောပေါက်လောက်ပေပြီ။ လူသားအကျိုးပြုမိတ်ဆွေကြီး မီးကို အန္တရာယ်ပြုနိုင်သည့် ရန်သူဖြစ်လာသောအချိန်၌ ထိရောက်စွာ ကာကွယ်နိုင်ကြစေကြောင်း ဆန္ဒပြုလျက် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရင်း မီးအန္တရာယ်ကြား၌ အသက်ပေးလှူသွားခဲ့ကြသည့် မီးသတ်ရဲဘော်များ၊ မီးသတ်အရာရှိများနှင့် လက်ရှိတာဝန်ထမ်းဆောင်နေကြသည့် မီးသတ်ရဲဘော်များ၊ မီးသတ်အရာရှိ၊ အရာခံများအား မေ ၅ ရက်တွင် ကျရောက်သည့် (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့၌ ဂုဏ်ပြုအပ်ပါသည်။ ။

ဒေသခံပြည်သူများသို့ ထင်းများအခမဲ့ဝေငှ

နေပြည်တော် မေ ၁

နေပြည်တော် ကောင်စီနယ်မြေ နေပြည်တော်သစ်တောဦးစီးဌာနမှ ပုဗ္ဗသီရိမြို့နယ် အောင်သီရိကျေးရွာတွင် ဧပြီ ၂၉ ရက် နံနက်ပိုင်းက နေပြည်တော် ဝန်းကျင်စိမ်းလန်းစိုပြည်ရေး အထောက်အကူဖြစ်စေရန်အတွက် ဒေသခံပြည်သူများအား ထင်းအခမဲ့ ဝေငှပေးခဲ့ရာ ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတက်တိုးနှင့် တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆန်းမြင့်ထွန်းတို့က ထင်းများ အခမဲ့ဝေငှခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝန်ထမ်းများမှ ထင်း ၁၀ တန်အား အောင်သီရိကျေးရွာရှိ အိမ်ထောင်စု ၁၂၄ စုအား အခမဲ့ ဝေငှပေးခဲ့ကြောင်း သိရသည်။**(ဝဲပုံ)** (ကြေးမုံ)

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မေ ၁

လူငယ်ဦးဆောင်မှုဖွံ့ဖြိုးရေးအစီအစဉ် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park တွင် စီးပွားရေးစီမံခန့်ခွဲမှုကျောင်း PS Business School မှ ဦးဆောင်၍ လူငယ်များအား စွန့်ဦးတီထွင်မှုဘာသာရပ်၊ ခေါင်းဆောင်မှုဘာသာရပ်၊ စီးပွားရေးလုပ်ငန်းသစ်များ တီထွင်ခြင်းဘာသာရပ်၊ ဆိုရှယ်မီဒီယာဘာသာရပ် စသည့် ဘာသာရပ်များစွာကို မေ ၂ ရက်မှ ၄ ရက်အထိ သုံးရက်ကြာ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံစာရေးဆရာအသင်းဖြစ်မြောက်ရေးကော်မတီ
တတိယအကြိမ်အစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၁

မြန်မာနိုင်ငံ စာရေးဆရာအသင်း ဖြစ်မြောက်ရေးကော်မတီ တတိယအကြိမ် အစည်းအဝေးကို ကုန်သည်လမ်းရှိ စာပေစာနယ်ဇင်းအဖွဲ့ခန်းမ၌ ဧပြီ ၂၅ ရက်က ကျင်းပခဲ့သည်။**(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဖြစ်မြောက်ရေး ကော်မတီ ဦးစီးနာယက ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ ဥက္ကဋ္ဌ ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်)နှင့် ကော်မတီအဖွဲ့ဝင်စာရေးဆရာ၊ ဆရာမကြီးများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း ညီလာခံခေါ်ယူရေးကိစ္စ၊ မြို့နယ်အလိုက် စာရေးဆရာအသင်းများ ဖွဲ့စည်းပြီးစီးမှုအခြေအနေ၊ ဖွဲ့စည်းပုံ စည်းမျဉ်းအပေါ် အကြံပြုတင်ပြချက်များပေးပို့မှု အခြေအနေ စသည့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဖြစ်မြောက်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

(စိုးသီဟ)

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၂ ခုနှစ် အလုပ်သမားနေ့ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၂ ခုနှစ် အလုပ်သမားနေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဧည့်ခံဆောင်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့နိုင်ငံတော်၌ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီးနောက်ပိုင်း ပုဂ္ဂလိကကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာပြီး အလတ်စားနှင့် အငယ်စားစက်မှုလုပ်ငန်းများသာမက အကြီးစားစက်မှုလုပ်ငန်းများပါ တိုးတက်လာခဲ့ကြောင်း၊ နိုင်ငံတစ်ဝန်းတွင်စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုဇုန်များအပြင် အထူးစီးပွားရေးဇုန်များ တိုးချဲ့တည်ထောင်လာခြင်းကြောင့် အလုပ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ကြမည်ဖြစ်ကြောင်း၊ အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်ရှင်အဖွဲ့အစည်းများ အတူလက်တွဲ၍ ကုန်ထုတ်စွမ်းအားတိုးတက်ရေးလုပ်ငန်းများအား လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၂ ခုနှစ် အလုပ်သမားနေ့အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အလုပ်ရှင်များအနေဖြင့် အလုပ်သမားများ၏အကျိုးခံစားခွင့်များအား မှန်မှန်နှင့် အပြည့်အဝရရှိရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးများဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ အလုပ်သမားများကလည်း လုပ်ငန်းခွင်အေးချမ်းသာယာရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အလုပ်သမားကြီးများအတွက် လူမှုဘဝလုံခြုံစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ထွက်လာစေရန်၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုမြှင့်တင် ပေးရန်တို့အတွက် နိုင်ငံတော်ကဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးသကဲ့သို့ အလုပ်သမားများအသိပညာ၊ အတတ်ပညာဆိုင်ရာ အရည်အချင်းနှင့် ကျွမ်းကျင်မှုများ တိုးတက်လာစေရေးအတွက်လည်းကောင်း။

၂၀၁၅ ခုနှစ်တွင် အာဆီယံဒေသတွင်းသာမက ကမ္ဘာအရပ်ရပ်တွင်ကျွမ်းကျင်လုပ်သားများအဖြစ် လွတ်လပ်စွာပြောင်းရွှေ့လုပ်ကိုင်နိုင်စေရေးအတွက် ကျွမ်းကျင်မှုစံများပြဋ္ဌာန်းခြင်းလုပ်ငန်းများအား ဆောင်ရွက် ပေးလျက်ရှိသည့်အတွက် အလုပ်သမားများအနေဖြင့် ကျွမ်းကျင်မှုအလိုက် လုပ်ခလစာနှင့် အခွင့်အရေးများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ အလုပ်သမားများ၏လူမှုရေးကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေး၊ လူမှုဘဝလုံခြုံစေရေးတို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အတတ်နိုင်ဆုံးအားထုတ်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ၂၀၁၂ခုနှစ် အလုပ်သမားနေ့သဝဏ်လွှာကို တိုင်းဒေသကြီး ၂၀၁၂ခုနှစ် အလုပ်သမားနေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုးမင်းကဖတ်ကြားပြီး အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ အလုပ်သမားနေ့သဝဏ်လွှာကို တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးဝင်းကဖတ်ကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးမြို့ရှိ ရှေးဟောင်းအမွေအနှစ် သုခမ္မာဇရပ်များ နိုင်ငံတော်နှင့် စေတနာအလှူရှင်များက ပြုပြင်မွမ်းမံပြီး

မန္တလေး မေ ၁

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ဦးဆောင်ပြီး စေတနာရှင် ပြည်သူများ၏ လှူဒါန်းငွေဖြင့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မန္တလေးတောင်ခြေရှိ သုခမ္မာဇရပ် ၁၉ ဆောင်အား ပြုပြင်မွမ်းမံခဲ့ရာ ပြီးစီးခဲ့သဖြင့် ဧပြီ ၂၁ ရက်က ရေစက်ချ အလှူမင်္ဂလာပွဲ ကျင်းပခဲ့သည်။

သုခမ္မာဇရပ်များကို မင်းတုန်းမင်းကြီးက ကောဇာသက္ကရာဇ် ၁၂၂၆ ခု(ခရစ်နှစ် ၁၈၆၄)တွင် ရတနာပုံစံကျောင်းနှင့် ကျောက်တော်ကြီးဘုရားအကြား၌ ဇရပ် ၁၈ ဆောင်၊ ကျုံးလမ်းတစ်လျှောက်တွင် ဇရပ် ၁၅ ဆောင် စုစုပေါင်း ၃၃ ဆောင် တည်ဆောက်လှူဒါန်းခဲ့သည်။ သုခမ္မာဇရပ်များပေါ်တွင် စာပြန်ပွဲသဘင်၊ ဝါတွင်းကာလ ဥပုသ်သည်များ ကွန်းခိုရာနေရာ၊ ကျောက်တော်ကြီးဘုရား၊ စန္ဒာမုနိဘုရား၊ ကုသိုလ်တော်ဘုရားပွဲများတွင် အများပြည်သူတို့ အပန်းဖြေနားခိုရာနေရာများဖြစ်ခဲ့သည်။

သုခမ္မာဇရပ်ဆောင်များကို အုတ်၊ အင်္ဂတေခံ၊ လုံးပတ် လေးပေကျော်ရှိ သစ်သားတိုင်လုံး ၂၈ လုံးဖြင့် တည်ဆောက်ထားပြီး အမိုးနှစ်ထပ်၊ လည်ပေါ်တစ်ဆင့်ခံ ထားဝယ်ဆောင်ပုံစံ တစ်ထပ်အဆောက်အအုံဖြစ်ကာ ထုပ်စွပ်၊ လျှောက်စွပ်စနစ်ဖြင့် တည်ဆောက်ထားပြီး တစ်ဆောင်လုံး ဟင်္သပဒါးသုတ်ထားကာ အလျား ၅၁ ပေ၊ အနံ ၂၇ ပေ၊ အမြင့် ၃၁ ပေရှိသည်။

ကိုလိုနီခေတ်က လမ်းဖောက်လုပ်ရန် ဖျက်သိမ်းခံရခြင်းနှင့် သဘာဝဘေးဒဏ်ကြောင့် ဇရပ် ၁၄ ဆောင် ပျက်စီးခဲ့သည်။ ကျန်ရှိသော ၁၉ ဆောင်အနက် ခြောက်ဆောင်အား နိုင်ငံတော်ဘဏ္ဍာငွေ ကျပ်သိန်း ၂၅၀ ဖြင့် လည်းကောင်း၊ ဇရပ် ၁၃ ဆောင်အား စေတနာရှင်အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၄၅၈ ဒသမ ၈ သိန်းဖြင့် လည်းကောင်း ပြုပြင်မွမ်းမံခဲ့သည်။ နိပါတ်တော်လာ ပန်းချီကား ၁၅၀ ကိုလည်း နိုင်ငံတော်ဘဏ္ဍာငွေ ကျပ် ၄၅ သိန်းဖြင့် သိပ္ပံ နည်းကျသန့်စင်ထိန်းသိမ်းခဲ့ပြီး ကျန်ပန်းချီကား ၃၃၉ ချပ်ကိုလည်း ဆက်လက်မွမ်းမံသွားမည်ဖြစ်ကာ သုခမ္မာဇရပ် ၁၉ ဆောင်နှင့် ပန်းချီကားများကို လဟာပြင် နိပါတ်တော် ပန်းချီကားပြခန်း သဖွယ်ခင်းကျင်းပြသရန် ယဉ်ကျေးမှုဝန်ကြီးဌာနက စီစဉ်ထားကြောင်း သိရသည်။ (သီဟကိုကို)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစားငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ပြည်ပမှ တင်သွင်းလာသော ယာဉ်များအတွက် သတ်မှတ်ဒဏ်ကြေးများ ဖြေလျှော့သတ်မှတ်ပေး

ရန်ကုန် မေ ၁

ပြည်ပမှတင်သွင်းလာသော ယာဉ်များနှင့် ပတ်သက်၍ မူလက သတ်မှတ်ထားသော ဒဏ်ကြေးများအောက်သို့ နှုန်းထားအသီးသီး ဖြေလျှော့သတ်မှတ်ပေးလိုက်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သတင်းရရှိသည်။

ယာဉ်ပိုင်ရှင်များမှာ အွန်လိုင်းမှ တစ်ဆင့် လေလံဆွဲဝယ်ယူရပြီး မြေပြင်ပကတိအခြေအနေကို မကြည့်ရှုရခြင်းကြောင့် တင်သွင်းလာသည့်အခါတွင် ကွဲလွဲချက်တစ်စုံတစ်ရာရှိလာခဲ့ကြောင်း၊ ထို့ကြောင့် နစ်နာမှုများ ကြုံခဲ့ရခြင်းဖြစ်ပြီး နိုင်ငံတော်အတွက်လည်း ရသင့်သော အခွန်အကောက်များရရှိစေရန် ထိုက်သင့်သည့် ဖြေလျှော့မှုများလုပ်ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြည်တွင်းသတင်းထောက်များသို့ တွေ့ဆုံပြောကြားသည်။**(အပေါ်ပုံ)**

"ဒဏ်ကြေးသတ်မှတ်ခဲ့တဲ့ ကားတွေနဲ့ ပတ်သက်လို့ ဒဏ်ကြေးလည်းဆောင်ပြီး သွားပြီ၊ ကားလည်းထုတ်ယူပြီး သွားပြီဆိုရင် အဲဒါဟာ အကျုံးမဝင်တော့ဘူး၊ ဒီလိုမှ မဟုတ်ဘဲ ဒဏ်ကြေးတော့ဆောင်ပြီးသွားပြီ၊ ကားမထုတ်ရသေးရင် အကျုံးဝင်ပါတယ်၊ အရင်ကတားဆီးထားတဲ့အဆင့်ကိုပဲ ထုတ်ပေးတာ၊ သိမ်းဆည်းတဲ့ အဆင့်မပါဘူး"ဟု ၎င်းကဆိုသည်။ ထိုဖြေလျှော့ပေးသည့် အမိန့်ထုတ်ပြန်ချက်ကို ဧပြီ ၂၃ ရက်စွဲဖြင့် ထုတ်ပြန်ခြင်းဖြစ်ပြီး အစားထိုးမော်တော်ယာဉ်များ၊ ကားအရောင်းစင်တာများမှ (1995-2002 Model Year)နှင့် (1996-2006 Model Year) အထိ တင်သွင်းသည့် မော်တော်ယာဉ်များအတွက် သတ်မှတ်ဒဏ်ကြေးများ၊ အထူးပါမစ်ဖြင့် (2007-2012 Model Year)အထိ တင်သွင်းသည့် မော်တော်ယာဉ်များအတွက် သတ်မှတ်ဒဏ်ကြေးများ စသည်ဖြင့် တစ်ခုချင်းအလိုက် အသေးစိတ်ပါဝင်ခြင်းဖြစ်ကြောင်း၊ ယင်းအသေးစိတ် ဖြေလျှော့ပေးထားသော ပြစ်ဒဏ်အသီးသီးကို အကောက်ခွန်ဦးစီးဌာနဝက်ဘ်ဆိုက်တွင် လည်းကောင်း၊ ဆိပ်ကမ်းနှင့် ရုံးချုပ် နို့တစ်ဘုတ်များတွင် အများသိရှိစေရန် ထုတ်ပြန်ပေးထားကြောင်း သိရသည်။

(ထက်ခိုင်-စမ်းချောင်း)

မြစ်ချောင်းအင်းအိုင်များ ရေနည်းပါးစဉ် ယောက်သွားဖမ်းဆီးရောင်းချသူများ အဆင်ပြေလျက်ရှိ

ရေတာရှည် မေ ၁

ပူပြင်းလှသည့် ယခုနှစ်ဧပြီလအတွင်း မြစ်ချောင်းအင်းအိုင်များတွင် အပူချိန်ကြောင့် ရေများလျော့နည်းသွားခဲ့ပြီး ယောက်သွားဖမ်းဆီးသူများ အဆင်ပြေလျက်ရှိသည်ဟု သိရသည်။ ယောက်သွားဖမ်းဆီးသူများသည် အင်းစပ်၊ ချောင်းစပ်၊ မြောင်းငယ်များအတွင်း လိုက်လံဖမ်းဆီးလေ့ရှိပြီး နေ့စဉ်ယောက်သွား အကောင်ရေ ၂၀၀ ကျော်ရရှိ၍ အခွံနွာပြီး အသားတစ်ပိဿာလျှင် ငွေကျပ်၁၆၀၀ မှ ငွေကျပ် ၂၀၀၀ အထိ လှည့်လည်ရောင်းချလျက်ရှိသည်ကိုတွေ့ရသည်။ ဖမ်းဆီးရမိသော ယောက်သွားများကို ရေစင်အောင်ဆေးကြော၍ အချိန်ကြာကြာ ဒန်အိုးအတွင်း ရေနွေးစိမ်ကာပြုတ်ထားရပြီး အခွံပွင့်မှ အတွင်း၌ ရှိသည့်အသားကို ထုတ်ယူသန့်စင်ဆေးကြောကာ ရေနွေးဖြင့် နူးအောင်ထပ်မံပြုတ်ပြီးမှ ငရုတ်သီးစပ်စပ်ဖြင့် ချက်ပြုတ်စား၍လည်းကောင်း ၊ ကတ်ကြေးဖြင့်ညှပ်၍ ဆီချက်၊ ငရုတ်သီးစိမ်း ၊ ရှာလကာရည် ၊ သံပရာသီး အစရှိသည် တို့ဖြင့်လည်းကောင်း အသုံးပြုကာ သုပ်စားကြသည်။ ယခင်နှစ်က ယောက်သွား ဖမ်းဆီးရရှိမှုနည်းပါးသော်လည်း ယခုနှစ်တွင် ဖမ်းဆီးရမိမှု များပြားသဖြင့် ဈေးများအထိ သွားရောက်ရောင်းချရသည်ဟု သိရသည်။

သတင်းနှင့် ဓာတ်ပုံ
ကိုလွင်(ဆွာ)

မန္တလေး အောင်မြေသာစံ ဒေါနဘွားအုတ်စက်ရပ်၌ ဖယောင်းတိုင်မီးထွန်းရာမှ မီးလောင်မှုဖြစ်

မန္တလေး မေ ၁

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဒေါနဘွားအုတ်စက်ရပ် အကွက် (၁၃) ရှိ နေအိမ်၌ ဧပြီ ၂၉ ရက် ည ၁၀ နာရီ ၁၀ မိနစ်ခန့်တွင် ဖယောင်းတိုင်မီးထွန်းရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ ဒေါနဘွားအုတ်စက်ရပ် အကွက်(၁၃)ရှိ အိမ်ရှင်မဝိုင်း(ခ) ယဉ်ယဉ်အောင်(၃၈)နှစ်သည် ဖယောင်းတိုင်မီးထွန်းရာမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး အိမ်ခြေ ၁၅ လုံး မီးလောင်ကျွမ်းခဲ့သည်။

အဆိုပါမီးလောင်ရာသို့ မန္တလေးမြို့မှ မီးသတ်ယာဉ် ၅၂ စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၂၄၀ ကျော်ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၁ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် အိမ်ရှင်မဝိုင်းအား အမှတ် ၁ ရဲစခန်းမှ ပ-၉၅/၂၀၁၂ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။ (ဘဦး)

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း အာရှဖွံ့ဖြိုးရေးဘဏ်၏(၄၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး တက်ရောက်ရန် ထွက်ခွာ

နေပြည်တော် မေ ၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့်အတူ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ကျင်းပမည့် အာရှဖွံ့ဖြိုးရေးဘဏ်၏ (၄၅)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့မှထွက်ခွာသွားရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းတို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးချုပ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်းတိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** မြင်းခြံမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်၊မန္တလေးမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မော်လမြိုင်မြို့တွင် ၃ ဒသမ ၇၄ လက်မ၊ကျောက်ဖြူမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၀၆ လက်မနှင့်စစ်ကိုင်းမြို့တွင် ၁ ဒသမ ၃၄ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ချောက်မြို့နယ် ဂွေးပင်ကျေးရွာ စက်ရေတွင်းသစ်ဖွင့်ပွဲနှင့် ဇေယျာသိရိဘိုးဘွားရိပ်သာ ဖွင့်ပွဲတို့သို့ တက်ရောက်

နေပြည်တော် မေ ၁

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တူးဖော်ခဲ့သော စက်ရေတွင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် ချောက်မြို့နယ် ဂွေးပင်ကျေးရွာ၌ကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးနေရှင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်၊ မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းအေးလွင်တို့က စက်ရေတွင်းသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ကျေးရွာစက်ရေတွင်းသစ် မှခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စက်ရေတွင်းသစ်အား အမွှေးနံ့သာ ပက်ဖျန်းကာ ဒေသခံပြည်သူများအား ရေပေးဝေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့ဖွင့်လှစ်သော ဂွေးပင်ကျေးရွာ စက်ရေတွင်းသစ်ကို ၄-၃-၂၀၁၂ ရက်တွင် စတင်တူးဖော်ခဲ့ပြီး ၂၅-၄-၂၀၁၂ ရက်တွင် ပြီးစီးခဲ့ရာ ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၃၈၄ ဒသမ ၇၅ သိန်း ကျခံသုံးစွဲခဲ့ပြီး ယင်းစက်ရေတွင်း အနက်မှာ ပေ ၁၂၅၀၊ရေထွက်နှုန်း ဂါလန် ၁၅၀၀ ရှိကြောင်းနှင့် စက်ရေတွင်းသစ် တူးဖော်ပေးခဲ့ခြင်းကြောင့် ချောက်မြို့နယ် ဂွေးပင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခြောက်ရွာနှင့် အကျိုးပြုအိမ်ခြေ ၇၀၂ အိမ်တို့အား သောက်သုံးရေဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ချောက်မြို့နယ် ညောင်ဇင်ကျေးရွာ၊ မြေနီလိမ်ကျေးရွာများရှိ ကျေးရွာပြည်သူလူထုနှင့် ကျောင်းသားကျောင်းသူများအား တွေ့ဆုံနှုတ်ဆက်ကာ ဆူးတောကျေးရွာရှိ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ချောက်မြို့ အမှတ်(၁၅) နယ်မြေ၌ ကျင်းပသည့် ဇေယျာသိရိ ဘိုးဘွားရိပ်သာဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဘိုးသွားရိပ်သာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဥတ္တရထွန်းဓမ္မာရုံ၌ ချောက်မြို့ပေါ်ရှိ ရပ်မိရပ်ဖများ၊ ဘိုးဘွားရိပ်သာ အလှူရှင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ယနေ့ဖွင့်လှစ်သော ဇေယျာသိရိ ဘိုးဘွားရိပ်သာ အဆောက်အအုံကို ဒေသခံမြို့သူမြို့သားများ၏ လှူဒါန်းငွေကျပ် ၃၉၂ သိန်းဖြင့် မတည်ပြီး လှူဒါန်းငွေစုစုပေါင်း ငွေကျပ်သိန်း ၁၁၀၀ ကျော်ဖြင့် ဓမ္မာရုံတစ်ဆောင်၊ အဘိုးဆောင် တစ်ဆောင်၊ အဘွားဆောင်နှစ်ခန်းနှင့် စားရိပ်မြုံတွဲလျက် တစ်ဆောင်၊ ရုံးခန်း၊ ဆေးခန်း တစ်ဆောင်၊ စားဖိုဆောင်၊ ရေချိုးခန်း၊ သန့်စင်ခန်းများပါရှိကြောင်း သိရှိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မိသားစုနှင့် အလှူရှင်များက ဘိုးဘွားရိပ်သာအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အဘိုးအဘွားများအား တွေ့ဆုံ၍ အလှူငွေနှင့် လက်ဆောင်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်နှင့် တပ်မတော်၏ သဘောထားအမှန်ကို သိမြင်၍ တောတွင်းလက်နက်ကိုင်အဖွဲ့များ ဆက်လက်၍ အလင်းဝင်ရောက်လျက်ရှိ

နေပြည်တော် မေ ၁

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးနှင့် ပတ်သက်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ကာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်နေသည့်အချိန်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မဲခေါင်မြစ်ကြောင်းတစ်လျှောက် သွားလာလျက်ရှိသော သင်္ဘောများအား လုယက်ခြေပြတိုက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ မူးယစ်ဆေးဝါးလုပ်ငန်းနှင့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော မူးယစ်တရားခံပြေး စိုင်းနော်ခမ်း၏အဖွဲ့သည် အဖွဲ့ငယ်များခွဲထွက်ပြီး ထွက်ပြေးလျက်ရှိရာမှ နိုင်ငံတော်၏ စေတနာကို သိမြင်နားလည်လာကာ ဧပြီ ၂၃ ရက်တွင် အိုက်ထွန်းခေါင်းဆောင်သော အင်အားရှစ်ဦးတို့သည် လည်းကောင်း၊ ဧပြီ ၂၇ ရက်တွင် လောဆန် ဦးစီးအင်အား ၁၂ ဦးတို့သည်လည်းကောင်း အလင်းဝင်ရောက်ခဲ့ပြီး ဧပြီ ၃၀ ရက်တွင်လည်း အဆိုပါ မူးယစ်တရားခံပြေး စိုင်းနော်ခမ်းအဖွဲ့မှ ထွန်းရွှေ ဦးစီးအင်အား ၁၃ ဦးသည် လက်နက်မျိုးစုံ လေးလက်၊ ကျည်မျိုးစုံ ၁၇၈ တောင့်၊ ကျည်အိမ်ရှစ်ခု၊ လက်ပစ်ဗုံးသုံးလုံး၊ လမ်းလျှောက်စကားပြောစက်တစ်လုံးတို့နှင့်အတူ တာချီလိတ်နယ်မြေရှိ မိမိတပ်မတော်တပ်စခန်းသို့ ဆက်သွယ်၍ အလင်းဝင်ရောက်ခဲ့ကြသည်။

အဆိုပါအဖွဲ့အား ယခင်အလင်းဝင်ရောက်ခဲ့ကြသည့် အဖွဲ့များနည်းတူ နယ်မြေခံတပ်မှ တာဝန်ရှိသူများက လှိုက်လှဲစွာကြိုဆိုခဲ့ကြပြီး ၎င်းတို့ မိသားစုဘဝ လုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် တောင်ဥက္ကလာတို့ကို ဆက်သွယ်ပေးသည့် ငမိုးရိပ်(ပါရမီ)တံတား ၈၄ ရာခိုင်နှုန်းပြီးစီး

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
စောသိန်းဝင်း

မြို့ပြယာဉ်ကြောပိတ်ဆို့မှု လျော့ပါးစေရေးနှင့် မော်တော်ယာဉ် သွားလာရေး လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက မြန်မာကျပ်ငွေ ၄ ဒသမ ၆ ဘီလီယံ အကုန်အကျခံ တည်ဆောက်နေသော ငမိုးရိပ်(ပါရမီ)တံတား ၈၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ တံတားကြမ်းခင်း လုပ်ငန်းများ ဆောင်ရွက်နေကြပြီဖြစ်သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)ပင်လုံလမ်းနှင့် တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းတို့ကို ပေါင်းကူးဆက်သွယ် တည်ဆောက်နေသည့် ငမိုးရိပ်ချောင်းဖြတ်(ပါရမီ) တံတားသစ်စတင်တည်ဆောက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်၍ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၉ ရက်က တံတားတည်ဆောက်မည့်သတ်မှတ်နေရာတွင် မင်္ဂလာပန္နက်တင်ပြုလုပ်ပေးခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ အင်ဂျင်နီယာများက တာဝန်ယူတည်ဆောက်ခဲ့ရာ တံတားကြမ်းခင်း လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ကျန်ရှိသော ပင်မတံတားရေလယ်တိုင်အား မေလ ပထမပတ်တွင် စိုက်ထူတော့မည်ဖြစ်သည်။

ငမိုးရိပ်(ပါရမီ) တံတားအား သတ်မှတ်ကာလအတွင်း စံချိန်ကိုက် ပြီးစီးနိုင်ရန်နှင့် တံတားသစ်အား စနစ်တကျ ဖွင့်လှစ်ပေးနိုင်ရန်အတွက် တံတားချဉ်းကပ်လမ်းများ ခင်းကျင်းနေမှု၊ တံတားကြမ်းခင်းအတွက် သံပေါင်၊ သံရက်မများ ဆောင်ရွက်နေမှု၊ ရေထိန်းနံရံများ ဆောင်ရွက်နေမှုစသည့် လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရန် တာဝန်ခံ အင်ဂျင်နီယာနှင့် ကျွမ်းကျင်ဝန်ထမ်းများ ကြိုးပမ်းအားထုတ်လျက်ရှိသည်။

အဆိုပါ ငမိုးရိပ်(ပါရမီ)တံတား တည်ဆောက်နိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက ခန့်မှန်းခွင့်ပြုဘဏ္ဍာငွေကျပ် ၄ ဒသမ ၆ ဘီလီယံဖြင့် ခွင့်ပြုတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် အခန်းဖွင့်ဖွဲ့စည်းမှုမှာ ပေ ၆၀ တစ်ခန်း၊ ပေ ၁၀၀ ငါးခန်း၊ ပေ ၄၀ တစ်ခန်းတို့ဖြင့် ဖွဲ့စည်း တည်ဆောက်ထားသည်။ တံတားအရှည်မှာ ပေ ၆၀၀ ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေရှိမည် ဖြစ်သည်။

ငမိုးရိပ်(ပါရမီ)တံတားသည် ငမိုးရိပ်ချောင်းဖြတ်တံတားဖြစ်၍ ရေလမ်းကြောင်း အသုံးပြုသူများ အခက်အခဲ အန္တရာယ်မရှိစေရန် လှေသမ္ဗန်များအတွက် တံတားအောက်ကင်းလွတ်နယ်မြေ အမြင့်သည် ၁၀ ပေ ၆ လက်မအထိ ထားရှိသွားမည်ဖြစ်သည်။

ငမိုးရိပ်(ပါရမီ)တံတားအမျိုးအစားမှာ အပေါ်ထည်သံမဏိ၊ သံပေါင်ရက်မ၊ သံကူကွန်ကရစ်ခင်း တံတားအဖြစ် တည်ဆောက်နေခြင်း ဖြစ်သည်။ အောက်ထည် သံကူကွန်ကရစ်တိုင် အုတ်မြစ်ဘိုးပိုင် ဖောင်ဒေးရှင်းဖြစ်ပြီး လူသွားလမ်းအကျယ်မှာ တံတားတစ်ဖက်တစ်ချက်စီတွင် ခြောက်ပေရှိကာ ယာဉ်တန်ချိန်ခံနိုင်ဝန် ၇၅ တန်အထိ ခံနိုင်သောတံတား ဖြစ်သည်။

အဆိုပါ တံတားသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)ပင်လုံလမ်းနှင့် တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းတို့ကို တစ်ဆက်တည်း ဆက်သွယ်သွားလာနိုင်အောင် လက်ရှိတံတားဟောင်းနှင့် နီးကပ်စွာ တည်ဆောက်ပေးထားသည့်အတွက် မော်တော်ယာဉ်သွားလာမှုမှာ အစုန်အဆန်လွယ်ကူလျင်မြန်စွာ ယခင်ထက် ပိုမို၍ ခရီးပေါက်သွားလာနိုင်မည်ဖြစ်၍ မြို့ပြယာဉ်ကြောပိတ်ဆို့မှုများ အထိုက်အလျောက် ကင်းဝေးသက်သာလာမည်ဖြစ်ကြောင်း သိရသည်။ ။

ငမိုးရိပ်(ပါရမီ)တံတား တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

ငမိုးရိပ်(ပါရမီ)တံတား အချိန်မီ ပြီးစီးရေးအတွက် ဤသို့ တည်ဆောက်လျက်ရှိစဉ်။

မြစ်ကိုတွေ့လျှင် တံတားဆင်
ပြည်ခွင်သာဖို့ လမ်းခင်းစို့

ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း နွေရာသီအင်္ဂလိပ်စာသင်တန်းဖွင့်ပွဲ အမှာစကားပြောကြား

နေပြည်တော် မေ ၁

ကရင်ပြည်နယ် ဘားအံမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ဧပြီ ၂၅ ရက်တွင် ကရင်ပြည်နယ် ၂၀၁၂ ခုနှစ် နွေရာသီ အင်္ဂလိပ်စာသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားသည်။ အဆိုပါ ၂၀၁၂ ခုနှစ် နွေရာသီ အင်္ဂလိပ်စာသင်တန်းသို့ ကရင်ပြည်နယ်အတွင်းရှိ ကျောင်းဆရာ/ဆရာမများနှင့် ဌာနဆိုင်ရာဝန်ထမ်း စုစုပေါင်း ၂၅၄ ဦး တက်ရောက်ခဲ့သည်။

ဆွေးနွေး

ထို့နောက် မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ UNICEF မှ Chief of Field Operations Ms. Yumi Bae နှင့် တွေ့ဆုံကာ ပြည်နယ်အတွင်း လူမှုရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ UNICEF မှ Chief of Field Operations Ms. Yumi Bae တို့သည် ကရင်ပြည်နယ် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြီး လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူဒေသမှ မိခင်ဒေါ်ခင်ညွန့်က မွေးဖွားသော လေးမြွှာပူးကလေးငယ်များအား ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ ဘားအံမြို့နယ် ကော့ကျိုက်ကျေးရွာ(ဇာသပြင်အနောက်)ရှိ ထူပါရာမကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်နှင့်အညီ ကျေးလက်ဒေသစိုက်ပျိုးထုတ်လုပ်ရေး ဖွံ့ဖြိုးစေရန် စိုက်ပျိုးစရိတ်ချေးငွေများထုတ်ပေးသည့် အခမ်းအနားသို့ တက်ရောက်၍ ပြည်နယ်ဝန်ကြီးများ၊ သမဝါယမဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးတို့နှင့်အတူ တစ်ဦးလျှင် ၁၀ ဧကအတွက် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် စုစုပေါင်းဧက ၂၀၀ အတွက် ငွေကျပ်သိန်း ၂၀၀ ကို တောင်သူများထံ မတည်ငွေထုတ်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် တောင်သူကုန်းကျေးရွာအနီး ပိုင်ရှင် ဦးဝင်းနိုင်၏ ဥစားကြက်မွေးမြူရေးခြံသို့ လည်းကောင်း၊ ငါး၊ စပါးမွေးမြူစိုက်ပျိုးနိုင်ရေး ပြည်နယ်ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို လည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

TV Guide
အတွဲ ၃၊ အမှတ် ၈ ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၁

TV Guide စာစောင် အတွဲ ၃၊ အမှတ် ၈ ကို ဧပြီ ၃၀ ရက်(တနင်္လာနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယင်း TV Guide စာစောင်၌ MRTV-4 တွင် ပထမဆုံးပြသမည့် မြန်မာ ဒရမ်မာဇာတ်လမ်းတွဲ The sing of love (အချစ်သင်္ကေတ) ဇာတ်လမ်းအကျဉ်းနှင့် ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ကြသူများနှင့် အင်တာဗျူးအစီအစဉ်များ၊ 4HD ရုပ်သံလိုင်းနှင့် MRTV-4 ရုပ်သံလိုင်းတို့တွင် မကြာမီ ကြည့်ရှုရမည့် Let's Talk it အစီအစဉ်သစ်အကြောင်း၊ မေလ ၂ ရက်နေ့တွင် Channel V ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် Lady Ga Ga Day အစီအစဉ်နှင့် လက်တလော Top ဖြစ်နေသည့် အင်တာနေရှင်နယ်သီချင်းငါးပုဒ်အကြောင်း၊ Intellectual Talk အစီအစဉ်တွင် ဆရာဦးကိုကိုလှိုင်နှင့် ဒေါက်တာကျော်လတ်တို့ ဆွေးနွေးတင်ဆက်ခဲ့သည့် Urbanization In Myanmar ဆောင်းပါး၊ ရုပ်သံလိုင်းအားလုံး၏ မေ ၁ ရက်မှ ၁၅ ရက်အထိ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ မေ ၁ ရက်မှ ၁၅ ရက်အထိ အစီအစဉ်အချိန်ဇယားများ ပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၉-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော် ဖြူးချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးမြင့်ဇော် ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်သည် ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့၏ အနောက်ဘက် ကိုးမိုင်ခန့်အကွာရှိ ကွန်းချောင်းပေါ်၌ တည်ဆောက်ထားသည့် ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ဓာတ်အားပေးစက်ရုံ ဆွစ်ယာဒ်နှင့် မြေသားနံရံများထိန်းသိမ်းထားရှိမှုတို့ကိုလည်းကောင်း၊ ပင်မတမံကြံ့ခိုင်မှု၊ ရေယူအဆောက်အအုံ၊ ရေထိန်းမျှော်စင်၊ ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုတို့ကိုလည်းကောင်း၊ ရေပိုလွှဲနှင့်ဖိအားနိမ့်သံမဏိပိုက်လိုင်း ရေလွှဲရေထုတ်ပေါက်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဓာတ်အားပေးစက်ရုံအတွင်း စက်အမှတ်(၁)၊ စက်အမှတ်(၂)နှင့် စက်အမှတ်(၃)တို့အား စက်တစ်လုံးစီ မောင်းနှင်ထားရှိမှု၊ စက်အစိတ်အပိုင်းများ လည်ပတ်နေမှု၊ Control Room တွင် ဓာတ်အားထိန်းချုပ်မောင်းနှင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် စက်တစ်လုံးလျှင် ၂၀ မဂ္ဂါဝပ်ရှိ စက် သုံးလုံးဖြင့် စုစုပေါင်းတပ်ဆင်စက်အင်အား ၆၀ မဂ္ဂါဝပ်မှ နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း သန်း ၁၉၀ ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ခုဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဖြူးမြို့ အနောက်ဘက် ခုနစ်မိုင်ခန့်အကွာ ဖြူးချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းတွင် ဓာတ်အားပေးစက်ရုံ ကွန်ကရစ်လုပ်ငန်းများဆောင်ရွက်နေမှု၊ စက်အမှတ်(၁)နှင့် စက်အမှတ်(၂)တို့အား စက်မှု/လျှပ်စစ်တပ်ဆင်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဖိအားမြင့် သံမဏိပိုက်လိုင်းအဆင့်လိုက် တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ပင်မဥမင်လိုဏ်ရေထွက်ပေါက် ကွန်ကရစ်သွန်းလောင်းရန် Steel Linning Form Work တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းသည် စီမံကိန်းပြီးစီးပါက စက်တစ်လုံးလျှင် ၂၀ မဂ္ဂါဝပ်ရှိ စက် နှစ်လုံးဖြင့် စုစုပေါင်းတပ်ဆင်စက်အင်အား ၄၀ မဂ္ဂါဝပ်မှ နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၅:၄၀	"အပြုံးလမ်းခွဲနဲ့ အရှုံးလမ်းခွဲ" တရားတော်(ဆရာတော် ဓမ္မဒူတအရှင်ဇာယိန္ဒ)
၉:၂၅	ရန်ကုန်မြင်ကွင်းကျယ် [‘ရွှေမြန်မာဂျာနယ်နှင့် ရွှေဧရာဂျာနယ်’တို့၏ မိခင်ကြီး ဒေါ်ခင်ဆန်း(ကျောက္ကာ)ကိုရည်စူး၍ ဆရာတော်ဦးတေဇဝန္တအား သိက္ခာထပ်မင်္ဂလာနှင့် မဟာဗုဒ္ဓဝင်ပန်ချီကားများ ရေးဆွဲပူဇော်ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား]
၉:၃၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (မှီခိုရာ ရိုက်ကွင်းအမှတ်တရ)
၁၂:၃၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "The Sign of Love" (အချစ်သင်္ကေတ) (အပိုင်း-၁)
၄:၅၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၁၀)**
၉:၂၀	Show Room (Part-18)
၉:၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်"(အပိုင်း-၂၄)**
၁၀:၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၃၀)**
၁:၀၀	Barclays Premier League Chelsea Vs Newcastle

နွေစပါးရိတ်သိမ်းရာသီတွင် လေလွင့်ဆုံးရှုံးမှုမရှိစေရန် တောင်သူလယ်သမားများသို့ နှိုးဆော်ချက်

၁။ ယခုအခါ စိုက်ပျိုးထားသော နွေစပါးများ ရိတ်သိမ်းလျက်ရှိပါသည်။

၂။ နွေစပါးရိတ်သိမ်းရာသီသည် မိုးဦးကျကာလသို့ ရောက်ရှိလာပြီးဖြစ်ပါ၍ မိုးရွာသွန်းနေစဉ် စပါးရိတ်သိမ်းမှုကို မပြုလုပ်ရန်။

၃။ မိုးရွာသွန်းမှုနှင့် တိုက်ဆိုင်နေပါက မရိတ်သိမ်းရသေးသောစပါးခင်းရှိ စပါးစေ့များသည် ရိတ်သိမ်းပြီး ကောက်လှိုင်းရှိ စပါးစေ့များထက် လေလွင့်ဆုံးရှုံးမှုသက်သာသဖြင့် မိုးရွာပြီးသည်အထိ စောင့်ဆိုင်းပြီးမှသာ ရိတ်သိမ်းကြရန်။

၄။ စပါးကောင်းမှ ဆန်ကောင်းရမည်ဖြစ်၍ ရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြု၍ ရိတ်သိမ်းပါရန်။

၅။ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မရိတ်သိမ်းနိုင်သည့် နေရာဒေသများတွင် ရိတ်သိမ်းပြီး ကောက်လှိုင်းများကို အမြန်ဆုံးခြွေလှေ့၍ အမိုးအကာအောက်သို့ ရွှေ့ပြောင်းထားရှိရန်။

၆။ ရိတ်သိမ်းရာတွင် တလင်းပျောက်စနစ်ကို ကျင့်သုံး၍ နီးစပ်ရာ ကုန်းမြင့်နေရာရွေးချယ်ပြီး စပါးခြွေလှေ့စက်အသုံးပြု၍ ချက်ချင်းခြွေလှေ့ပါရန်။

၇။ စပါးခြွေလှေ့ခြင်းကို ကျေးရွာရှိ ရိတ်သိမ်းခြွေလှေ့စက်များအားစုစည်း၍ စွမ်းအားပြည့်ဆောင်ရွက်ပါ။ လိုအပ်ပါက နီးစပ်ရာ စက်မှုလယ်ယာဦးစီးဌာန၏ အကူအညီကို ရယူဆောင်ရွက်ရန်။

၈။ မိုးရွာသွန်း၍ ခြွေလှေ့ရန်အချိန်မမီပါက ကောက်လှိုင်းများကို အမိုးအကာအောက်သို့ ရွှေ့ပြောင်းထားရှိရန်။ ရွှေ့ပြောင်းရန် အချိန်မမီပါက ကောက်လှိုင်းစည်းများကို မိုးရေလျှောဆင်းနိုင်ရန် တစ်ဖက်ရပ်စုပုံထားပေးရန်။ လိုအပ်ပါက ယာယီအမိုးအကာဖုံးအုပ်ပေးရန်။

၉။ စပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများကို လက်စားလိုက်စနစ်ဖြင့် လည်းကောင်း၊ အင်အားစုဖွဲ့စနစ်ဖြင့် လည်းကောင်း လူအင်အားအပြည့်အဝဖြင့် စီမံဆောင်ရွက်ရန်။

၁၀။ မိုးမိလျှင် အစိုဓာတ်ကြောင့် စပါးများ အစေ့အောက်ခြင်း၊ အရည်အသွေးကျဆင်းခြင်း၊ ပျက်စီးခြင်းများ ဖြစ်ပေါ်တတ်သဖြင့် ခြွေလှေ့ပြီး စပါးများကို အစိုဓာတ်(၁၄)ရာခိုင်နှုန်းအထိရရှိအောင် အခြောက်ခံရန်။ လိုအပ်သော အစိုဓာတ်ပါဝင်မှုကို အစိုဓာတ်တိုင်းကိရိယာများဖြင့် အသုံးပြုစစ်ဆေးရန်။

၁၁။ လိုအပ်ပါက စိုက်ပျိုးရေးဦးစီးဌာနတွင် အစိုဓာတ်တိုင်းကိရိယာများရရှိရေး ဆက်သွယ်ဆောင်ရွက်ရန်။

၁၂။ အခြားလိုအပ်သော အကူအညီများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ခရိုင်/မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆက်သွယ်၍ အကူအညီရယူဆောင်ရွက်ရန်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မီးဖိုမီးကြွင်းအား သတိပြုရန်

(က) သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမှတစ်ဆင့် မီးလောင်မှုများဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။

(ဂ) မီးဖိုမီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မီးသတ်ဦးစီးဌာန

ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့က မြစ်ကြီးနား-မန္တလေး ရထားလမ်းပိုင်းတွင် မိုင်းထောင်ဖောက်ခွဲမှုများ ထပ်မံပြုလုပ်

နေပြည်တော် မေ ၁

ယနေ့နံနက် ၁ နာရီ ၅ မိနစ်ခန့်တွင် ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့က မြစ်ကြီးနား-မန္တလေး ရထားလမ်း ဆားမော်ဘူတာမှ တစ်မိုင်ခွဲခန့်အကွာရှိ မီးရထားသံလမ်းအား မိုင်းထောင်ဖောက်ခွဲမှုနှစ်ကြိမ် ပြုလုပ်ခဲ့သဖြင့် ရထားလမ်း၏ အနောက်ဘက်နှင့် အရှေ့ဘက်ခြမ်း သံလမ်းတို့တွင် နှစ်ပေခန့် တစ်နေရာစီနှင့် ဇလီဖားတုံး ကိုးတုံး ပျက်စီးခဲ့ကြောင်း၊ အနီးပတ်ဝန်းကျင်အား တာဝန်ရှိသူများက စစ်ဆေးရာ အဆိုပါ ပျက်စီးသံလမ်းအနီးတွင် တီအင်တီ ၂၀၀ ဂရမ်ယမ်းတုံး ၁၅တုံး၊ ဒီတိုနေတာ ၁၃ခု၊ ရှစ်လက်မအရှည် ယမ်းကြိုး ခြောက်ချောင်း၊ အားမြှင့်ယမ်း နှစ်ခု တို့ကိုလည်းကောင်း၊ ၎င်းနေရာနှင့် ၇၅ ကိုက်အကွာ၌ တီအင်တီ ၂၀၀ ဂရမ် ယမ်းတုံး ၁၈ တုံးနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း တွေ့ရှိသိမ်းဆည်းရမိပြီး မိုင်းများအား သက်မဲ့ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

စစ်ရေးနှင့် မပတ်သက်သော အများပြည်သူသွားလာသည့် ရထားလမ်း၊ ကားလမ်းနှင့်တံတားများကို ယခုကဲ့သို့ ဖျက်ဆီးခြင်း၊ ကျေးရွာအား လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ကချင်ပြည်နယ်အတွင်းရှိ မိမိတို့တိုင်းရင်းသားပြည်သူများသွားလာနေထိုင်ရေးခက်ခဲပြီး လူနေမှုအဆင့်အတန်းနိမ့်ကျစေကြောင်း၊ ထိုသို့ ဆောင်ရွက်နေမှုမှာ ၎င်းတို့ကြွေးကြော်နေသည့် ကချင်ပြည်နယ်နှင့် ကချင်တိုင်းရင်းသားများအတွက် ဆိုတာလားဟု မေးခွန်းထုတ်လိုကြောင်းဖြင့် နေပြည်တော်၌ တာဝန်ထမ်းဆောင်နေသည့် ကချင်တိုင်းရင်းသားတစ်ဦးက ဝမ်းနည်းစွာဖြင့် သတင်းထောက်အား ပြောကြားခဲ့သည်။ (သတင်းစဉ်)

နေပြည်တော်၌ ဆိုင်ကယ်စီး၍ လုယက်မှုကျူးလွန်နေသူများအား ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ဖမ်းဆီးရမိ

နေပြည်တော် မေ ၁

နေပြည်တော်၌ ဆိုင်ကယ်စီး၍ လုယက်မှု ကျူးလွန်နေသူများအား ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ယခုရက်ပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဧပြီ ၂၉ ရက်တွင် ဇမ္ဗူသီရိမြို့နယ် ချယ်ရီအိမ်ရာနေ မှုခင်းတပ်ဖွဲ့မှ ဒုတိယရဲအုပ် ထွန်းထွန်းဝင်း၊ ဇနီးနှင့် သားတို့သည် ဆိုင်ကယ်ဖြင့် သွားလာနေစဉ် ဘူးကွဲရွာဟောင်း ဘုန်းကြီးကျောင်းရှေ့အရောက်၌ လူနှစ်ယောက်စီးနင်းပြီး နောက်မှ ကပ်၍ လိုက်ပါလာသည့် ဆိုင်ကယ်ပေါ်မှ လူနှစ်ဦးအနက် တစ်ဦးက ဇနီးဖြစ်သူလွယ်ထားသော လက်ကိုင်အိတ်ကို လုယူသဖြင့် ဆိုင်ကယ်နှစ်စီးစလုံး လဲကျသွားခဲ့ကြောင်း၊ ပစ္စည်းလုယူသူနှစ်ဦး ထွက်ပြေးမည်ပြုစဉ် ပတ်ဝန်းကျင်ရှိ ပြည်သူလူထု၏ အကူအညီဖြင့် ဝိုင်းဝန်းဖမ်းဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိသည့် လုယက်မှုကျူးလွန်ရန်ကြိုးစားသူနှစ်ဦးမှာ နိုင်ဝင်းထွန်း(၂၄)နှစ်နှင့် ၎င်း၏ဇနီး မအိမွန်ခိုင် အသက်(၂၀)တို့ ဖြစ်ကြကြောင်း၊ ၎င်းတို့ နှစ်ဦးအား စစ်ဆေးဖော်ထုတ်ချက်များအရ ၎င်းတို့သည် ဧပြီ ၁ ရက်တွင် နေပြည်တော် ပရဆေးဥယျာဉ်လမ်းဆုံအနီး၌ ဖြစ်ပွားခဲ့သည့် လုယက်မှုနှင့် ဧပြီ ၁၃ ရက်တွင် ပျဉ်းမနား-တောင်ညိုလမ်း ဇီဇဝါပန်းအဝိုင်းအနီး၌ ဖြစ်ပွားခဲ့သည့် လုယက်မှုတို့ကို ကျူးလွန်ခဲ့သည့် တရားခံများဖြစ်ကြောင်း သိရှိရပြီး ၎င်းတို့လုယက်ထားသည့် ပစ္စည်းများအနက်မှ စိန်နားကပ်တစ်ရံနှင့် ဟန်းဖုန်းတစ်လုံးတို့ကို ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

ဝိုင်းဝန်းဖမ်းဆီး

အလားတူ နေပြည်တော်၌ ဧပြီ ၆ ရက်က ဆိုင်ကယ်စီးလုယက်မှု ကျူးလွန်ခဲ့သည့် ဝဏ္ဏထွန်း (၂၇)နှစ်အား ဇီဇဝါပန်းအဝိုင်းအနီး၌ လုယက်မှုကျူးလွန်ပြီး ထွက်ပြေးစဉ် ၎င်းလုယူသော ငွေအိတ်ပေါက်သွားသဖြင့် ငွေများ ပြန်ကောက်ရာမှ အနီးရှိပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ကြောင်း သိရှိရသည်။

နေပြည်တော်တွင် ဆိုင်ကယ်စီးလုယက်မှုလေးမှုဖြစ်ပွားခဲ့ပြီး အမှုအားလုံးကို ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့ကြောင်း သိရှိရသည်။

ပြည်သူများအနေဖြင့် ဘဏ်မှ ငွေများထုတ်ယူလာချိန်၊ အဖိုးတန်ပစ္စည်းပါရှိသော လက်ကိုင်အိတ်များဖြင့် သွားလာချိန်နှင့် လစာထုတ်ရက်များတွင် အမှတ်တမဲ့ သွားလာခြင်းမပြုကြရန်နှင့် လုယက်မှု ကျူးလွန်မှုများကို တွေ့ရှိပါကလည်း ယခုကဲ့သို့ ပူးပေါင်းလက်တွဲ၍ ဖမ်းဆီးရမိရေး ဝိုင်းဝန်းဆောင်ရွက်ကြပါရန် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆိုင်ကယ်စီး လုယက်မှုကျူးလွန်ခဲ့သူ နိုင်ဝင်းထွန်း (၂၄) နှစ် နှင့် ၎င်း၏ ဇနီး မအိမွန်ခိုင် အသက်(၂၀) တို့ကို တွေ့ရစဉ်။

(သတင်းစဉ်)

စာအောင်အရှင်မြတ်များအား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

ရန်ကုန် မေ ၁

တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်မှ တိပိဋကဓရ စာအောင်အရှင်မြတ်များအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေး တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် သီရိမင်္ဂလာ အနန္တဂုဏ်ရည် ငါးထပ်ကျောင်းတော်ကြီး၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ စစ်ကိုင်းစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဓမ္မကထိက ဗဟုဇနဟိတဓရ တွံတေးအရှင်ကုန္ဒက ဆရာတော်၏ သက်တော် (၅၀)နှစ်ပြည့် အကြိုကုသိုလ်အဖြစ် တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် ငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၀၀ အား ဆရာတော်ကိုယ်စား ဦးပါသကာများက လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံသည်။

ဆက်လက်၍ တောတိုက်မဓမ္မရိပ်သာကျောင်းကြီး နာယကစာချဆရာတော် အရှင်ဝေပုလ္လာလင်္ကာရ (ဒွိပိဋကဓရ ဝိနယပါဠိပါရဂူ)က စာအောင်အရှင်မြတ်များဖြစ်သည့် ဝိနယရေဘွဲ့ရ အရှင်လောကသိရိလင်္ကာရ၊ ဥဘတောဝိဘင်္ဂရေဘွဲ့ရ အရှင်ဓမ္မဉာဏ၊ အရှင်ပညာသာမိလင်္ကာရ (အထူးအောင်)နှင့် အရှင်ဇနိတာလင်္ကာရတို့၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်တို့အား ဖတ်ကြားလျှောက်ထားကာ အဂ္ဂိတ္တိုရ်ကျမ်းပြု အကျော် အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး၏ ဩဝါဒါစရိယ ဘဒ္ဒန္တ ပညိဿရာဘိဝံသ ဆရာတော်ကြီး ရေးသားတော်မူအပ်သော စာအောင်သံဃာတော်များ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ် ဂုဏ်ပြုဂါထာအား ဓမ္မကထိက ဗဟုဇနဟိတဓရ တွံတေးအရှင်ကုန္ဒက က ဖတ်ကြားဂုဏ်ပြုပူဇော်ခဲ့သည်။

(သတင်းစဉ်)

ချယ်လ်ဆီးနှင့် ဘိုင်ယန် ချန်ပီယံဘယ်သူ့ကို ရွေးမလဲ

ဂျာမန်အင်အားကြီးကလပ် ဘိုင်ယန်မြူးနစ်အသင်းနှင့် လန်ဒန်အနောက်ပိုင်းအခြေစိုက် ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းတို့သည် ချန်ပီယံလိဂ်ဖလားဗိုလ်လုပွဲအဖြစ် ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ မေ ၁၉ ရက်တွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ချန်ပီယံလိဂ်ကံကြမ္မာက ဘယ်အသင်းကို မျက်နှာသာပေးမလဲဆိုတာ စောင့်ကြည့်ရမယ့်ပြိုင်ပွဲလည်း ဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် နည်းပြ ဗီလာဘိုအာ့စ်အား ထုတ်ပယ်ခဲ့ပြီးနောက် ၎င်း၏ လက်ထောက်နည်းပြ ဒီမတ်တီယိုအား ယာယီနည်းပြအဖြစ် ခန့်အပ်ခဲ့ချိန်မှစ၍ ချယ်လ်ဆီးအသင်း၏ အိမ်ကွင်းရော အဝေးကွင်းရလဒ်ပါ ကောင်းမွန်လာပြီး အောင်ပွဲများ ဆင်နိုင်ခဲ့သည်။

ချယ်လ်ဆီးအသင်းက စပိန်အင်အားကြီးကလပ် ဘာစီလိုနာအသင်း၏ ချန်ပီယံလိဂ်အိပ်မက်ကို ဆီမီးဖိုင်နယ် နှစ်ကျော့ပေါင်းရလဒ်ဖြင့် အဆုံးသတ်စေခဲ့သလို နည်းပြမော်ရင်ဟိုး၏ ရီးယဲလ်မက်ဒရစ် အသင်းကိုလည်း ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်က အနိုင်ယူကာ မော်ရင်ဟိုး၏ ချန်ပီယံလိဂ် မျှော်လင့်ချက်ကို ဖျက်ဆီးနိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့သည် စပိန်ကလပ်အသင်းနှစ်သင်းကို ဆီမီးဖိုင်နယ်တွင် အနိုင်ရရှိကာ ချန်ပီယံလိဂ်ဖလား နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

ချယ်လ်ဆီးနှင့် ဘိုင်ယန်ဘယ်အသင်းက ချန်ပီယံလိဂ်အိပ်မက် နှစ်ခြိုက်စွာမက်နိုင်မည်လဲဆိုတာနှင့် ချန်ပီယံလိဂ်ဖလားကို ချယ်လ်ဆီးအသင်းကပဲ လန်ဒန်မြေအရောက် သယ်နိုင်မည်လား၊ ဒါမှမဟုတ် ဘိုင်ယန်မြူးနစ်အသင်းကပဲ ဂျာမနီမြေအရောက် သယ်နိုင်မည်လားဆိုသည်ကတော့ ချန်ပီယံလိဂ်ကံကြမ္မာကပေးသော ပဟေဠိဆန်သည့် ပုစ္ဆာတစ်ပုဒ် ဖြစ်လာပေမည်။

ချယ်လ်ဆီးအသင်း၏ လက်ရှိခြေစွမ်းပိုင်းမှာ ရလဒ်ကောင်းများကို ဖန်တီးနိုင်စွမ်းရှိသလို အိမ်ရှင်ဘိုင်ယန်မြူးနစ်တို့ကလည်း ချန်ပီယံလိဂ်ဇာတာတက်နေတဲ့ အချိန်မို့ ဘယ်အသင်းချန်ပီယံလိဂ်ဖလားကိုင်မြှောက်ကာ ပြုံးပြုံးကြီးအောင်ပွဲခံမလဲဆိုတာ စိတ်ဝင်တစားဖြစ်လာမည့် ပြိုင်ပွဲတစ်ခုဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် အက်ရှ်လေကိုး၊ ဒေးဗစ်လူးဝစ်၊ ဂယ်ရီကာဟေးလ်၊ ရာမီရက်၊ လမ်းပတ်၊ တောရက်၊ မာတာ၊ ဒရော့ဘာ စသည့် အသင်း၏ အားထားရသည့် ကစားသမားများနှင့် ပွဲထွက်လာဖွယ်ရှိသည်။ အသင်းခေါင်းဆောင် ဂျွန်တယ်ရီနှင့် အိုင်ဗန်နိုဗစ်တို့ ပါဝင်လာဖွယ်မရှိသော်လည်း ဒေးဗစ်လူးဝစ်၊ ဂယ်ရီကာဟေးလ်နှင့် အက်ရှ်လေကိုးတို့က ဘိုင်ယန်၏ တိုက်စစ်ပိုင်းကို အကောင်းဆုံး ဟန့်တားနိုင်ဦးမည် ဖြစ်သည်။

ဘိုင်ယန်မြူးနစ် အသင်းကလည်း အာဂျန်ရော်ဘင်၊ မာရီယိုဂိုမက်ဇ်၊ ဖရန့်ရီဘာရီ၊ သောမက်မူလာ စသည့် နာမည်ကြီး ကစားသမားများရှိနေရာ ဂိုမက်ဇ်နှင့် ရော်ဘင်ဦးဆောင်သည့် ဘိုင်ယန်၏ တိုက်စစ်ပိုင်းက ချယ်လ်ဆီး၏ ဂိုးပေါက်ကို အကောင်းဆုံး ခြိမ်းခြောက်နိုင်စွမ်းရှိနေသည်။

ချယ်လ်ဆီးအသင်းသည် လက်ရှိခြေစွမ်းပိုင်းကောင်းမွန်သည့်တိုင် ဘိုင်ယန်မြူးနစ်ကလည်း အိမ်ရှင်ပရိသတ်တို့၏ရှေ့တွင် မျက်နှာပန်းလှရေးနှင့် ချန်ပီယံလိဂ်ဖလား ဂျာမနီမြေသို့ ရောက်ရှိရေး ခြေကုန်ထုတ်ကစားလာမည်ဟု မျှော်လင့်ရသည်။

ချယ်လ်ဆီးတိုက်စစ်မှူးများဖြစ်သည့် တောရက်နှင့် ဒရော့ဘာတို့သည် ဂိုးသွင်းသေချာသည့် ကစားသမားများဖြစ်ပြီး ချန်ပီယံလိဂ်အတွေ့အကြုံရှိသည့် ကစားသမားများလည်း ချယ်လ်ဆီးအသင်း၌ ရှိနေသည်။ ချယ်လ်ဆီးတို့ ချန်ပီယံလိဂ်ဖလားကို လန်ဒန်အရောက် ဆောင်ကြဉ်းမည်ဟု အလေးပေးနိုင်သည်။

သို့သော် ချန်ပီယံလိဂ်ဖလား၏ အလှည့်အပြောင်းအရ အိမ်ရှင်အားသာချက်နှင့်အတူ ဘိုင်ယန်မြူးနစ်ကိုလည်း လျှော့တွက်ရန်မသင့်ဟု ထင်မိပါသည်။

နိုင်လင်းကြည်

ဆက်သွယ်ရေးတာဝါတိုင်အချို့ ဆိုလာစနစ်များ တပ်ဆင် နယ်မြို့များ EVDO အသုံးပြုနိုင်ရန်ဆောင်ရွက်

မန္တလေး မေ ၁

ရန်ကုန် - နေပြည်တော် - မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် GSM တယ်လီဖုန်းများ ဆက်သွယ်မှုကောင်းမွန်စေရေးအတွက် ဆက်သွယ်ရေးတာဝါတိုင်များ တိုးချဲ့တပ်ဆင်ခဲ့ပြီး လျှပ်စစ်မီးရရှိရန် ခက်ခဲသော နေရာများတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီများ ပူးပေါင်း၍ ဆိုလာစနစ်များ တပ်ဆင်လျက်ရှိသည်။

စီဒီအမ်အေ 800 MHz ဖုန်းများ၏ အင်တာနက်စနစ်ဖြစ်သော EVDO စနစ်အား နယ်မြို့များတွင်ပါ အသုံးပြုနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် စီဒီအမ်အေ 800MHz ဖုန်းများ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ ပဲခူး၊ ဘားအံ၊ ပြည်၊ ပြင်ဦးလွင်မြို့များ၌သာ အင်တာနက်အသုံးပြုနိုင်သေးသဖြင့် နယ်မြို့များ EVDO အင်တာနက်စနစ် အသုံးပြုနိုင်ရန် တာဝါတိုင်များ ထပ်မံထောင်ပြီး လိုအပ်သော စက်များ တပ်ဆင်လျက်ရှိကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

❄ မန်စီးတီးအသင်းမှ

မန်ယူအသင်းနှင့် ဒါဘီပွဲစဉ်တွင် ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း၊ ပရီမီယာလိဂ်ဖလား မန်စီးတီးဖလား ဖြစ်လာရေးအတွက် အနိုင်သုံးမှတ် (သို့မဟုတ်) သရေတစ်မှတ်ရရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း မန်စီးတီးအသင်းနည်းပြ ရောဘတ်တိုမန်စီနီက ယခုယှဉ်ပြိုင်ခဲ့သည့် ဒါဘီပွဲစဉ်မတိုင်မီက The Sun သတင်းဌာနသို့ ပြောကြားခဲ့သည်။

ထို့ကြောင့် မန်စီးတီးအသင်းသည် ပရီမီယာလိဂ်ဖလား ရယူနိုင်ရေးနှင့် မန်ချက်စတာပရိသတ်အလယ် မျက်နှာပန်းလှရေး အစွမ်းကုန်ကြိုးပမ်းခဲ့ရာ ပထမပိုင်းနာကျင်အချိန်ပိုတွင် ထောင့်ကန်ဘောမှ တစ်ဆင့် အသင်းခေါင်းဆောင်ကွန်ပနီက ခေါင်းတိုက်သွင်းယူကာ ဒါဘီပွဲစဉ်၌ မန်စီးတီးအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။

မန်ယူအသင်း ချေပဂိုးရရှိရေးအတွက် တိုက်စစ်အားမြှင့်ရန် လူစားလဲကစားမှုများ ပြုလုပ်ခဲ့သော်လည်း အိုးထရက်ဖို့ဒ်၌ ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် မန်စီးတီး၏ ဒါဘီစံချိန်ကို မလွန်ဆန်နိုင်ခဲ့ပေ။ ပွဲကစားချိန် မိနစ် ၉၀ ပြည့်ခဲ့သော်လည်း မန်ယူ ချေပဂိုးမသွင်းနိုင်ဘဲ မန်စီးတီးတို့ ဒါဘီအောင်ပွဲခံနိုင်ခဲ့သည်။

ထို့ကြောင့် မန်စီးတီးက သွင်းဂိုး ၆၁ ဂိုး၊ ရမှတ် ၈၃ မှတ်ဖြင့် မန်ယူနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် မန်စီးတီးတို့ အမှတ်ပေးဇယားထိပ်သို့ ပြန်လည်ရောက်ရှိကာ ပရီမီယာလိဂ်ဖလားရယူရန် အခွင့်အရေး နီးစပ်လာပြီဟုပင် ဆိုရမည်ဖြစ်သည်။

အင်တာနက်။

☼ တောင်ကိုရီးယားမှ

တောင်ကိုရီးယားနိုင်ငံ၏ ပလတ်စတစ်ဆာဂျရီခွဲစိတ်ပြုပြင်မှုနှင့် ပတ်သက်၍ နာမည်အကြီးဆုံး ဆေးခန်းကြီးတစ်ခုဖြစ်နေသည့် ဂျိုး၏ ဂျေကေဆေးခန်းနှင့် အခြားဆေးခန်းများသို့ တရုတ်အမျိုးသမီးများမှာ အုပ်စုများဖွဲ့၍ တဖွဲဖွဲလာရောက်ခွဲစိတ်ပြုပြင်လျက်ရှိကြောင်း သိရသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ကိုရီးယားယဉ်ကျေးမှု (Korea Wave)မှာ တရုတ်၊ တောင်အာရှနှင့် ဂျပန်နိုင်ငံတို့တွင် လွှမ်းမိုးမှုရှိခဲ့သည်။ ရုပ်သံလိုင်းများတွင် ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများ လွှမ်းမိုးနေခဲ့ပြီး ကိုရီးယားပေါ့ပ်တေးဂီတအဖွဲ့များ၏ ဂီတဖျော်ဖြေပွဲများသည်လည်း ကြိတ်ကြိတ်တိုး စည်ကားခဲ့သည်။ Winter Sonata၊ Autumn Fairy Tale ကဲ့သို့ ရုပ်သံဇာတ်လမ်းတွဲများ၏ ရုပ်ရှင်ရိုက်ကွင်းနေရာများသို့ ပြည်ပပရိသတ်များ နှစ်စဉ်လာရောက်ကြည့်ရှုလေ့လာမှုများသည်လည်း တောင်ကိုရီးယားနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးရာတွင် အထောက်အကူပြုလျက်ရှိသည်။

အစိုးရ၏ ကိန်းဂဏန်းများအရ လွန်ခဲ့သည့်နှစ်အတွင်း ပြည်ပမှ ဆေးဝါးကုသမှုအသုံးစရိတ်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၁၆ သန်းရှိသည့်အနက် ၄၀ ရာခိုင်နှုန်းမှာ ပလတ်စတစ်ဆာဂျရီခွဲစိတ်ပြုပြင်မှုနှင့် အရေပြား ပြုပြင်ခွဲစိတ်ကုသမှုမှ ဖြစ်သည်ဟု ဆိုသည်။

အင်တာနက်။

ဘောလုံးလောကသတင်းတိုများ

- ☞ လိုင်လီကြယ်ပွင့် အေဒင်ဟားဇက်သည် ပရီမီယာလိဂ် အင်အားကြီးကလပ်များဖြစ်သည့် မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့က ၎င်းအား ရာသီကုန်တွင် ခေါ်ယူနိုင်ရေး စောင့်ကြည့်မှုများပြုလုပ်နေသည်ကို သိရှိရ၍ ပျော်ရွှင်မိကြောင်း ဆိုသည်။
- ☞ ချယ်လ်ဆီးအသင်း၏ ယာယီနည်းပြ ရောဘတ်တိုဒီမတ်တီယိုသည် လာမည့်ဘောလုံးရာသီတွင် မိမိတို့အသင်း ယခုထက်အောင်မြင်မှုရရှိနိုင်သည်ကို ယုံကြည်ထားခြင်းကြောင့် ဝါဒါဘရီမင်အသင်းမှ ပြောင်းရွှေ့လာမည့် တောင်ပံကစားသမား မာကိုမာရင်၏ အပြောင်းအရွှေ့စာချုပ်အား ကြိုဆိုပါကြောင်း ဖွင့်ဟခဲ့သည်။
- ☞ စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် ရာသီကုန်တွင် ဟီဂွါအင်အား ရောင်းထုတ်တော့မည်ဖြစ်ရာ ၎င်းနေရာတွင် အစားထိုးရန် မန်စီးတီးတိုက်စစ်မှူး ဒီဇစ်ကိုအား မျက်စိကျနေကြောင်း နည်းပြမော်ရင်ဟိုက ဆိုသည်။
- ☞ စကော့တလန်ပရီမီယာလိဂ်ကလပ် ဆဲတစ်အသင်းသည် ချန်ပီယံရှစ်ကလပ် ဘန်လေအသင်းမှ အသက် (၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂျေးရိုဒရီဂတ်ဖ်၏ အပြောင်းအရွှေ့ကိစ္စ အကြောင်းပြန်လာမည့်ရက်ကို စောင့်နေသည်ဟု ဆိုသည်။
- ☞ အဲဗာတန်အသင်းသည် တော့တင်ဟမ်ဟော့စပါးအသင်းမှ အငှားစာချုပ်ဖြင့် ရောက်ရှိလာသော ကစားသမား တောင်အာဖရိက ကြယ်ပွင့် စတီဗင်ပီနာယာအား ပရီမီယာလိဂ်ရာသီကုန်တွင် ဦးစားပေးအနေဖြင့် စာချုပ်သစ်ချုပ်ဆိုမည်ဟု ဆိုသည်။
- ☞ တော့တင်ဟမ်ဟော့စပါးအသင်း မန်နေဂျာ ဟယ်ရီရက်နက်သည် အင်္ဂလန်အသင်းနည်းပြဖြစ်လာရေး လုံးပမ်းနေရသဖြင့် စပါးအသင်းနှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုရေးကို ဆိုင်းငံ့ထားကြောင်းဆိုသည်။
- ☞ ဝက်စ်ဘရွန်းအသင်းမန်နေဂျာ ရွိုင်းဟော့ဆန်အား အင်္ဂလန်အသင်းအတွက် နည်းပြခန့်အပ်ပါက အင်္ဂလန်အသင်းအောင်မြင်မှုရရှိနိုင်မည့် နည်းပြကောင်းတစ်ဦးဖြစ်ကြောင်း ဝက်စ်ဘရွန်း ကစားသမားများက ဆိုသည်။

ယနေ့ ဖတ်စရာ မှတ်စရာ **နိုင်ချစ်**

ဝမ်းမြောက်ဂုဏ်ယူကြိုဆိုပါသည်

နိုင်ငံခြားသားဧည့်သည်များ မြန်မာနိုင်ငံအတွင်း စနစ်တကျ လုံခြုံချောမွေ့ အဆင်ပြေစွာ သွားလာလည်ပတ်နိုင်ရန် မော်တော်ယာဉ်သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၆ ရက်က နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပခဲ့သည်။

ဗုဒ္ဓအမွေအနှစ်များ ထွန်းကားရာ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတို့၏ နှစ်လိုဖွယ်ရာအပြုံးများနှင့် မြန်မာနိုင်ငံရှိ မပျက်မယွင်းတည်ရှိနေသေးသော သဘာဝပတ်ဝန်းကျင်အလှအပများကို လာရောက်လေ့လာလိုသည့် နိုင်ငံခြားသားဧည့်သည်များအတွက် လက်တွေ့ကျကျ ဆောင်ရွက်ပေးသည့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုကောင်းတစ်ရပ်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူကြိုဆိုပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန နိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံခြားသားခရီးသည် ဝင်ထွက်မှု စနစ်တကျ လွယ်ကူအဆင်ပြေစေရေး၊ ခရီးသည်များ သွားလာရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် သယ်ယူပို့ဆောင်ရေးဆိုင်ရာယာဉ်များ စနစ်တကျဖြစ်စေရေး၊ ဟိုတယ်နှင့် စားသောက်ဆိုင်များ အဆင့်အတန်းမြင့်မားရေး၊ ခရီးစဉ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရေး ဟူသည့် လုပ်ငန်းတာဝန်ကြီး (၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယင်းတို့အနက် နိုင်ငံခြားသားဧည့်သည်များ မြန်မာနိုင်ငံအတွင်း အဆင်ပြေစွာ သွားလာလည်ပတ်နိုင်ရေးအတွက် သယ်ယူပို့ဆောင်ရေးဆိုင်ရာယာဉ်များ စနစ်တကျဖြစ်စေရေးကို အထူးအလေးထားကာ စနစ်တကျ အကောင်အထည်ဖော်လျက်ရှိသည်။

“နိုင်ငံခြားသားဧည့်သည် အသွားအလာများသည့် အချို့ခရီးစဉ်ဒေသများတွင် လုံခြုံမှုအပြည့်အဝပေးနိုင်သည့် အာမခံချက်ရှိသော ယာဉ်များ စနစ်တကျမရှိခြင်း၊ ယာဉ်စီးခနှုန်းထားများ ပုံသေသတ်မှတ်ထားရှိမှု မရှိခြင်းတို့ကြောင့် အချို့ကိစ္စများတွင် မလိုလားအပ်သော အုပ်ချုပ်မှုပြဿနာများ ဖြစ်ပေါ်စေနိုင်သဖြင့် နိုင်ငံနှင့်လူမျိုး ဂုဏ်သိက္ခာ ထိခိုက်စေနိုင်ကြောင်း၊ ယင်းပြဿနာ မဖြစ်ပေါ်စေရေးအတွက် သယ်ယူပို့ဆောင်ရေးယာဉ်များ စနစ်တကျ ဖြစ်ပေါ်လာစေရန် ယခုကဲ့သို့ စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း” ဖော်ပြပါ ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှုအဆင်ပြေလွယ်ကူရေးကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု၊ ဖော်ရွေမှု အလှပုံရိပ်များကြောင့် အိမ်သာ၍ဧည့်လာ ဆိုသလို မိတ်ဟောင်း ဆွေဟောင်းများ၊ မိတ်သစ်ဆွေသစ်များ၊ နိုင်ငံခြားသားဧည့်သည်များ၊ လုပ်ငန်းရှင်များ အဝင်အထွက် များလာပေတော့မည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများအား မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံလိုသူ ပြည်ပနိုင်ငံများမှ လုပ်ငန်းရှင်များ၊ ဧည့်သည်များ စိတ်ဝင်တစားလာရောက်ဆွေးနွေးမေးမြန်းစုံစမ်းမှုသတင်းများက ပြဆိုနေသည်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသည် ဝင်ရောက်မှုမှာ ၂၀၁၀ ပြည့်နှစ်မှစ၍ တိုးတက်လာခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် သုံးသိန်းကျော် ဝင်ရောက်ခဲ့ပြီး ယင်းတို့အနက် ဂျပန်နိုင်ငံမှ ခရီးသည် ၂၁၂၆၄ ဦး လာရောက်လည်ပတ်ခဲ့သည်။ ဧည့်သည်အားလုံးနီးပါးက ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ အင်းလေး၊ ပုဂံဒေသအပါအဝင် ဗုဒ္ဓယဉ်ကျေးမှု အမွေအနှစ်များစုဝေးရာ ဒေသအသီးသီးသို့ သွားရောက်လည်ပတ်လေ့လာခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေပြီဖြစ်သည်။ ယင်းကြောင့်လည်း ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ နည်းပြများနှင့် တာဝန်ရှိသူများသည် အိမ်ရှင်နိုင်ငံရှိ သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုအခြေအနေစသည်တို့ကို သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့်အညီ လာရောက်လေ့လာကြပေတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံသို့ ရောက်ရှိလာမည့် နိုင်ငံခြားဧည့်သည်အားလုံး၏ သွားလာလည်ပတ်မှုလုံခြုံချောမွေ့အဆင်ပြေစေရေး အစီအစဉ်များကို ယခုလာမည့် မေ ၁၅ ရက်မှစ၍ ပုဂံဒေသ၌ ပထမအဆင့်အနေဖြင့် စတင်ဆောင်ရွက်ပြီး ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ဟဲဟိုး၊ အင်းလေး၊ ကော့သောင်းနှင့် တာချီလိတ်ဒေသများ၌ ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ပုဂံဒေသ၌ မော်တော်ယာဉ်၊ မြင်းလှည်းနှင့် ဧရာဝတီရေဆိပ်၌ စက်လှေများ၊ ဟဲဟိုး၊ ညောင်ရွှေ ရေဆိပ်၌ စက်လှေများ စီစဉ်ထားကာ နိုင်ငံခြားသားဧည့်သည်များ စီးနင်းနိုင်သည့် တံဆိပ်အပြာဝိုင်း၊ ခရီးစဉ်အလိုက် ပုံသေသတ်မှတ်ထားသည့် ဈေးနှုန်းများ၊ ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များကို သိရှိအောင် အဆိုပါယာဉ်၊ စက်လှေ၊ မြင်းလှည်းပေါ်၌ ကပ်ထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံခြားသားဧည့်သည်များ မြန်မာနိုင်ငံအတွင်း လုံခြုံချောမွေ့ အဆင်ပြေစွာ သွားလာလည်ပတ်နိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဝန်ဆောင်မှုအသေးအဖွဲကအစ စီစဉ်ဆောင်ရွက်ပေးသကဲ့သို့ နိုင်ငံသူ နိုင်ငံသားအားလုံးကလည်း မိမိနိုင်ငံရောက် ခရီးသွားဧည့်သည်များ၏ အသက်အိုးအိမ် လုံခြုံမှုရှိရေး၊ နေထိုင်ပြောဆို စားသောက်မှုအဆင်ပြေရေးတို့ကို ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့၏ နိုင်ငံကြီးသားပီသမှု မူဟန်သရုပ်ကို ဖော်ထုတ်ကြရန် အချိန်တန်ပြီဖြစ်ပါသည်။ အစစအရာရာအောင်မြင်မည်ဟု ယုံကြည်သည်နှင့်အညီ အဆိုပါလုပ်ငန်းစဉ်အားလုံးကို ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူကြိုဆိုလျက်ရှိပါကြောင်း။ ။

အေဝမ်းစိုး

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာ

နေပြည်တော် မေ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ရောက်ရှိနေသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr. BAN Ki - moon နှင့် ဇနီး Mrs. BAN Soon-taek ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီ ၁၀ မိနစ်တွင် ကုလသမဂ္ဂအထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ နေပြည်တော်ကောင်စီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

(သတင်းစဉ်)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr. BAN Ki- moon နှင့်ဇနီး Mrs. BAN Soon-taek ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ယနေ့သတင်းအညွှန်း

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ
ပြည်တွင်းသတင်း စာမျက်နှာ - ၂

ဆာကိုဇီနှင့် ကဒါဖီ နျူကလီးယား ပူးပေါင်းဆောင်ရွက်ရေး လျှို့ဝှက်သဘောတူခဲ့ကြသည်ဟုဆို
နိုင်ငံတကာသတင်း စာမျက်နှာ - ၆

အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ ကူးတို့သင်္ဘောတိမ်းမှောက်လူ ၁၀၃ ဦး သေဆုံးပြီး ၁၀၀ ကျော် ပျောက်ဆုံးနေ
နိုင်ငံတကာသတင်း စာမျက်နှာ - ၆

ပြည်ပမှ တင်သွင်းလာသောယာဉ်များအတွက် သတ်မှတ်ဒဏ်ကြေးများ ဖြေလျှော့
ပြည်တွင်းသတင်း စာမျက်နှာ - ၇

နေပြည်တော်၌ ဆိုင်ကယ်စီး၍ လုယက်မှု ကျူးလွန်နေသူများအား ဖမ်းဆီးရမိ
မှုခင်းသတင်း စာမျက်နှာ - ၉

ချယ်လ်ဆီးနှင့် ဘိုင်ယန် ချန်ပီယံဘယ်သူ့ကို ရွေးမလဲ
နိုင်ငံတကာအားကစား စာမျက်နှာ - ၁၀

မန်စီးတီးအသင်း ဒါဘီပွဲစဉ်၌ အနိုင်ရရှိ ပရီမီယာလိဂ်ဖလားရယူရန် နီးစပ်လာ

နိုင်ငံတကာအားကစား

နိုင်လင်းကြည်

မန်ချက်စတာ မေ ၁

ပရီမီယာလိဂ်ပွဲစဉ် (၃၆)အဖြစ် မန်ချက်စတာမြို့ခံနှစ်သင်းဖြစ်သည့် မန်စီးတီးနှင့် မန်ယူတို့သည် မေ ၁ ရက် နံနက်ပိုင်းက အီတီဟတ်ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ကွင်းကစားရသည့် မန်စီးတီးအသင်း အသင်းခေါင်းဆောင်ကွန်ပနီ၏ တစ်လုံးတည်းသောဂိုးဖြင့် မန်ချက်စတာပရိသတ်များအလယ်တွင် အောင်ပွဲဆင်နိုင်ခဲ့သည်။

မန်ယူအသင်းသည် အကြိမ်(၂၀)မြောက် ပရီမီယာလိဂ်ဖလားကိုင်မြှောက်နိုင်ရေးနှင့် အနိုင်သုံးမှတ်ရယူကာ ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်၌ ဆက်လက်ရပ်တည်နိုင်ရေး ခြေကုန်ထုတ်ကစားခဲ့သော်လည်း အနိုင်ရလဒ်ကို မစွမ်းဆောင်နိုင်ခဲ့ပေ။

မန်စီးတီးအသင်းသည် ပရီမီယာလိဂ်ရာသီအစတွင်အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပြီး ရာသီဝက်ကျော်လာချိန်တွင် မြို့ခံပြိုင်ဘက် မန်ယူက အမှတ်ကွာခြားမှုဖြင့် အမှတ်ပေးဇယားထိပ်၌ ဦးဆောင်နိုင်ခဲ့သည်။ မန်စီးတီးသည် ယခင်အိုးထရက်ဖို့ဒ်၌ ကစားခဲ့သည့် **စာမျက်နှာ ၁၀ ကော်လံ ၃ သို့** ❄

မန် စီး တီး အသင်းခေါင်းဆောင် ကွန်ပနီ မန်ယူအသင်းဘက်သို့တစ်လုံးတည်း သော အနိုင် ဂိုးကို ခေါင်း တိုက်သွင်းယူနေစဉ်။

ကိုရီးယား နာမည်ကျော် မင်း သမီး လီယောင်အေး။

တောင်ကိုရီးယားတွင် ပလတ်စတစ်ဆာဂျရီပိုမိုခေတ်စားလာ အမျိုးသမီးအများစု လီယောင်အေး၏မျက်နှာနှင့် တူလိုကြ

လွန်ခဲ့သည့် ၂၀၀၀ ပြည့်နှစ် နှစ်လယ်ခန့်ကတည်းက တောင်ကိုရီးယား ပလတ်စတစ်ဆာဂျရီခွဲစိတ်ပြုပြင်မှု ဆရာဝန်ဂျိုးကွန်၏ဆေးခန်းသည် နိုင်ငံရပ်ခြားသို့ လူသိများစေရန် ကြော်ငြာခြင်း၊ ဆွဲဆောင်ခြင်းများ မပြုလုပ်ခဲ့သော်လည်း တရုတ်အမျိုးသမီးအနည်းအကျဉ်းမှာ ၎င်း၏ဆေးခန်းကို မတွေ့တွေ့အောင်ရှာ၍ လာရောက်ခွဲစိတ်ပြုပြင်ခဲ့ကြသည်။ လာရောက်ခွဲစိတ်ပြုပြင်ကြသူအားလုံးနီးပါးက Jewel in the Palace ရုပ်သံဇာတ်လမ်းတွဲမှ ကိုရီးယားနာမည်ကျော်မင်းသမီးလီယောင်အေး၏ မျက်နှာနှင့်တူစေရန် ခွဲစိတ်ပြုပြင်ပေးစေလိုကြကြောင်း ဆရာဝန်ဂျိုးက ပြောကြားသည်။

ယခုအခါ ကိုရီးယားသရုပ်ဆောင်၊ အဆိုတော်၊ အနုပညာရှင်များ၏ ဆွဲဆောင်မှုကြောင့် **စာမျက်နှာ ၁၀ ကော်လံ ၄ သို့** ✳

မန္တလေးတွင် ရုတ်တရက် လေပြင်းတိုက်ခတ် ဧရာဝတီမြစ်အတွင်း ရေယာဉ်အချို့နစ်မြုပ်

မန္တလေး မေ ၁

မန္တလေးမြို့တွင် ဧပြီ ၃၀ ရက် ညနေ ၅ နာရီကျော်က ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် ဧရာဝတီမြစ်ကမ်းဘေး မရမ်းခြံဆိပ်ကမ်းအနီးရှိ ရေယာဉ်တချို့ တိမ်းမှောက်နစ်မြုပ်မျောပါခဲ့သည်။ **(ယာပုံ)** အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် မရမ်းခြံဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော နိုင်ငံခြားသားခရီးသည် ပို့ဆောင်ရေးရေယာဉ်များအပါအဝင် သန်းနိုင်ဝေ၊ သိမ်နဒီရေယာဉ်များ တိမ်းစောင်းခြင်း၊ ဇော်မင်းသန်း၊ ဇော်ဇော်ဦး၊ အောင်သပြေဦး၊ နဒီသိင်္ဂီ၊ နဒီဦး၊ ကျော်သီတာဝင်း၊ မေသူထွန်းရေယာဉ်များ နစ်မြုပ်ခြင်း၊ ဇော်ကိုကို(၁)၊ ဇော်ကိုကို(၂) ရေယာဉ်များမှာ ရေထဲမျောပါခြင်းများ ဖြစ်ပွားခဲ့သည်ဟု ဒေသခံများကပြောကြားသည်။ မျောပါနစ်မြုပ်ရေယာဉ်များတွင် ပွက်ရည်တင်ရေယာဉ်၊ ပဲမျိုးစုံတင်မော်တော်၊ ထင်းတင်စက်လှေ၊ မင်းကွန်းဆိပ်ခံမော်တော်၊ ဘိလပ်မြေ၊ ထုံးတင်ရေယာဉ်များလည်းပါဝင်သည်။ အဆိုပါ လေပြင်းတိုက်ခတ်မှု ဖြစ်ပွားရာသို့ မန္တလေးမြို့ရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ နိဗ္ဗာန်သုခအသက်ကယ်အဖွဲ့နှင့် တာဝန်ရှိသူများက သွားရောက်ပြီး အကူအညီပေးခဲ့ကြသည်။

လေပြင်းတိုက်ခတ်မှုကြောင့် လူအသေအပျောက်မရှိကြောင်းလည်း သိရသည်။